# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၂၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၃)

**ဒို့တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးနိုင်မည့်

# ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း ၂၀၁၃ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးမည်

**ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ဖြူးချောင်း ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





**နေပြည်တော် ဇွန် ၂၃**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ဇွန် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်တောင်ဘက် ၇ မိုင်ခန့်အကွာ ဖြူးချောင်းပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး Unit (1) နှင့် Unit (2) တို့အား Spiral Casing တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြို့ပြလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေသွယ်ဥမင်လိုဏ်အထွက်ဖိအားမြှင့် သံမဏိပိုက်လိုင်းတပ်ဆင်နေမှု၊ ရေသွယ်ဥမင်လိုဏ်အတွင်း ကွန်ကရစ်လိုင်နင်သွန်းလောင်းပြီးစီးမှု၊ ရေထိန်းတံခါး တပ်ဆင်ပြီးစီးမှုနှင့် ဆွဒ်ယာဒ်တည်ဆောက်မည့်နေရာ၌ မြေကြီးကျောက်သားရှင်းလင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင် ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး ဂရုပြုကြပ်မတ်ဆောင်ရွက်ကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ ပင်မတမံတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုသည်။

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံတည်ဆောက်ခြင်းအပိုင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိပြီး ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။ ထိုစီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ပေးအပ်လှူဒါန်း**

**ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

**ရန်ကုန် ဇွန် ၂၃**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Supreme Group of Companies ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့် ဇနီး ဒေါ်မြတ်သန္တာမိသားစုက ငွေကျပ် ၁၀ သိန်း၊ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း) ဇနီး ဒေါ်အေးမွန်ရှိန် မိသားစုက ငွေကျပ် ငါးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ငွေကျပ် သုံးသိန်း၊ မေခ-မလိခ ဆုံစည်းရာ ညီအစ်မများက ငွေကျပ် နှစ်သိန်းငါးသောင်း၊ မဝင်းနွယ်နီချို ညီမမသဲအိဖြူ(ရန်ကုန်)က ငွေကျပ် တစ်သိန်း နှစ်သောင်း ငါးထောင်၊ ဦးတင်ထွန်းခိုင်-ဒေါ်မိုးစိုး၊ ကိုဇော်မင်းအောင်-မမိုးမိုးက ငွေကျပ် တန်ဖိုး တစ်သိန်းရှိ ဗလာစာအုပ် ၆၃ဒါဇင်၊ ဒုတိယဗိုလ်မှူးကြီး အောင်ထူး ဇနီး ဒေါ်တင်ဝင်းဖြိုးမိသားစုက ငွေကျပ် တစ်သိန်းနှင့် အဝတ်အထည် တစ်ထုပ်၊ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း) ဇနီး ဒေါ်ယဉ်မင်းထွန်းမိသားစုက ငွေကျပ် တစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီး မန်းရွှေ(ငြိမ်း)ဇနီး ဒေါ်ဝါဝါအောင် မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးသက်ခိုင် ဇနီး ဒေါ်ချိုချိုဝင်း မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးစစ်လှိုင်-ဒေါ်ခင်ရဲမြင့်မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးလှဝင်းရှိန် (ကော့မှူးမြို့နယ်)က ငွေကျပ် တစ်သိန်း၊ ဒေါ်ပုစိန်(ကျောင်းကုန်းနောက်၊ ရွှေပြည်သာ)က ငွေကျပ် တစ်သိန်း၊ မဟာဗောဓိဆရာတော် မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်မှ

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ**

ရုရှား၊ နာဆာနှင့် ဂျပန်အာကာသယာဉ်မှူးသစ်သုံးဦး နိုင်ငံတကာ အာကာသယာဉ် စခန်းသို့ စေလွှတ်မည် စာ ၄





ပင်ဂွင်းတို့သားဖောက်ရာ နှယ်မြေသုံးပုံတစ်ပုံ ကမ္ဘာကြီးပူနွေးလာမှုကြောင့် လျော့နည်း စာ-၅

ဂျာမနီက ဂရိကို လေးဂိုး–နှစ်ဂိုး ဖြင့်နိုင်၊ အကြိုဗိုလ်လုပွဲသို့ တက်ရောက်



စာ-၁၁

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၂၄ ရက်)

# သစ်ပင်နှင့် လူသား

မည်သည့်သစ်ပင်မဆို ရေမြေရာသီဥတုနှင့် မြေဆီမြေသြဇာကောင်းမွန်ပါမှ အောင်မြင်ဖြစ်ထွန်းလေ့ရှိသည်။ မိုးခေါင်ဒဏ်ခံရသော သစ်ပင်နှင့်သီးပင်စားပင်တို့သည် ကောင်းစွာရှင်သန်လေ့မရှိကြပါ။ ထို့အပြင် မြေဆီမြေနှစ်မရှိသော အရပ်ဒေသ၌ပေါက်ရောက်သည့် သစ်ပင်နှင့်သီးပင်စားပင်တို့သည်လည်း ကောင်းစွာ ရှင်သန်ပေါက်ပွားနိုင်ခြင်းမရှိကြပါပေ။

သစ်တောသစ်ပင်တို့မည်သည် တောထူစွာပေါက်ရောက်တတ်၏။ ထိုသို့ပေါက်ရောက်ရာတွင် အသုံးဝင်သော သစ်ပင်များရှိသကဲ့သို့ ချုံနွယ်ပိတ်ပေါင်းကဲ့သို့ အသုံးမဝင်သော အပင်များလည်းရှိကြသည်။ အသုံးဝင်သော သစ်ပင်များ ရှင်သန်ထွားကျိုင်းလိုလျှင် အသုံးမဝင်သော အပင်များကို ဖယ်ရှားပစ်ရသည်။

ထို့ကြောင့် လူတို့အနေဖြင့် သစ်ကောင်း၊ ဝါးကောင်းများရရှိရန် သစ်တောများကို ပြုပြင်ပေးရမည်ဖြစ်သည်။

အချို့သော သစ်ပင်နှင့်သီးပင်စားပင်တို့သည် မိုးလေဝသလည်း ကောင်း၏။ မြေဆီမြေသြဇာလည်း ကောင်း၏။ သို့သော် လူတို့၏ပြုပြင်ပေးခြင်းမရှိပါမူ ပွင့်ချိန်တန်မပွင့်၊ သီးချိန်တန်မသီးနိုင်ဘဲရှိတတ်၏။ ရေလောင်းသင့်သည့်အချိန် ရေလောင်း၊ ပေါင်းသင်သင့်သည့်အချိန် ပေါင်းသင်၊ မြေဆီမြေသြဇာကျွေးသင့်သည့်အချိန် ကျွေးရ၏။ သို့မှသာ ထိုသီးနှံစိုက်ခင်းသည် ပွင့်ချိန်တန်ပွင့်၏။ သီးချိန်တန်သီးပြီး တန်ဖိုးရှိသော သီးနှံစိုက်ခင်းဖြစ်လာနိုင်၏။ ပြုပြင်ခြင်းမရှိသောစိုက်ခင်းသည် ပေါင်းမြက်တို့နှင့်တောထူပြီး ပျက်စီးခြင်းသို့ ရောက်တတ်၏။ ထိုအခါ အဆိုပါသီးပင်စားပင်များနှင့် ရောလျက်ပေါက်ရောက်နေသော မြက်ပင်၊ ပေါင်းပင်များကို ရှင်းထုတ်ပစ်ရသည်။ ထိုအခါသီးပင်စားပင်များသည် ပိုမိုရှင်သန်ဖွံ့ဖြိုးလာသည်။ အသီးအပွင့်တို့ ပိုမိုတိုးပွားလာသည်။

ကျွန်ုပ်တို့လူသားများသည်လည်း သစ်ပင်များကဲ့သို့ပင်ဖြစ်၏။ အမိဝမ်းမှကျွတ်ကတည်းက ‘အူဝဲ’ ဆိုပြီးမွေးဖွားလာကြ၏။ ကလေးသည်နာကျင်၍ငိုသည်ဖြစ်ချင်ဖြစ်မည်၊ နို့ဆာ၍ငိုသည်ဖြစ်ချင်ဖြစ်မည်။ မည်သည့်အတွက်ကြောင့်ငိုသည်ဖြစ်စေ လောဘ၊ ဒေါသ၊ မောဟများကင်းပြီး ငိုသည်ဟုမဆိုနိုင်ပေ။ အသိဉာဏ်မရှိသေးသော ကလေးဘဝမှာပင် မကောင်းသောလောဘ၊ ဒေါသ၊ မောဟတရားများရှိလျှင် အသိဉာဏ်ရှိလာသည့်အချိန်တွင် ပို၍ပင်လောဘ၊ ဒေါသ၊ မောဟများ ကြီးထွားလာတတ်၏။

လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကြောင်းတရားများသည် စိတ်ကိုညစ်နွမ်းစေ၏။ လူကို ပင်ပန်းစေ၏။ ဤမကောင်းမှုများသည် လက်ရှိဘဝတွင်လည်းမကောင်း၊ နောင်သံသရာ၌လည်းကောင်းမည် မဟုတ်ပေ။ သီးပင်၊ စားပင်၊ သစ်ပင်သစ်တောများ ရှင်သန်ကြီးထွားသီးပွင့်နိုင်ရန် အနှောင့်အယှက်ပေးနေသော ပေါင်းပင်၊ မြက်ပင်များကဲ့သို့ လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟများ ငယ်စဉ်ကပင် ပယ်ရှင်းနိုင်အောင် လေ့ကျင့်ပေးရသည်။ မကောင်းမှု အကုသိုလ်များကို ကင်းနိုင်သမျှကင်းနိုင်အောင် အသိဉာဏ်ဖြင့်ပြုပြင်ထိန်းချုပ်နိုင်စွမ်းမရှိလျှင် ပျက်စီးခြင်းအကြောင်းတရားကို ဖြစ်စေတတ်၏။

ထို့ကြောင့် ကျွန်ုပ်တို့လူသားများသည် သစ်တောသစ်ပင်များကို သီးပွင့်ဝေဆာလာအောင် ပြုပြင်ပေးရသကဲ့သို့ လူတို့သဏ္ဍာန်၌ ဖြစ်ပေါ်လေ့ရှိသော မကောင်းသောစိတ်ရိုင်းများကို အသိတရားဖြင့်ဆင်ခြင် ပယ်ဖျက်ကြရ၏။ လူသားဟူသည် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကြောင်းတရားများနှင့် မကင်းနိုင်ကြစေကာမူ နည်းနိုင်သမျှနည်းအောင် လေ့ကျင့်မွေးမြူကြရ၏။ လူတစ်ဦးချင်းမှအစပြု၍ လူအများ လောဘ၊ ဒေါသ၊ မောဟနည်းပါးလာမည်ဆိုလျှင် ဤကမ္ဘာကြီးသည်လည်း ငြိမ်းချမ်းသာယာလာမည် ဖြစ်ပါသည်။ ။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက အဆိုပါရုံး၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်အေး၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ဌေးနှင့် ဦးစိုးဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူး၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးကျော်သူက ဦးစီးဌာနများမှဝန်ထမ်းများ စိုက်ပျိုးမည့် ပျိုးပင်များကို ညွှန်ကြားရေးမှူးချုပ်များနှင့် ရုံးအဖွဲ့မှူးတို့ထံပေးအပ်ပြီး သတ်မှတ်နေရာ၌ အထိမ်းအမှတ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်များသည် သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို



လှည့်လည်ကြည့်ရှုအားပေးကြကာဝန်ထမ်းသက်သာ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

**စိုက်ပျိုး**

ယခု စိုက်ပျိုးသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ ခရေ၊ မဟော်ဂနီ၊ စိန်ပန်းပုနှင့် စိန်ပန်းပင်ကြီးစသော နှစ်ရှည်ပင်များအပါအဝင် ပန်းအလှပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၃၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဘဝအမောပြေ

မြန်မာ့အလင်း

### ဒါကြောင့်ပါ

**အာကာဟိန်း-ရေးသားသည်**

မူလတန်းကျောင်းမှ ပြန်လာသော သားဖြစ်သူအား ဖခင်ဖြစ်သူက အိမ်၌ မေးမြန်းလေသည်။

**ဖခင်။ ။သား‥ဒီနေ့ကျောင်းမှာ အဆင်ပြေရဲ့လား။**
သား။ ။မပြေဘူးအဖေ။
**ဖခင်။ ။ဘာဖြစ်လို့လဲသားရဲ့။**
သား။ ။ဆရာမက သားကိုဆူလိုက်တယ်။
**ဖခင်။ ။ဘာဖြစ်လို့လဲ။**
သား။ ။သားရဲ့အိမ်စာတွေကြောင့်ပါ။
**ဖခင်။ ။အဲဒီအိမ်စာတွေကို ဖေဖေပဲရေးပေးလိုက်တာလေ။**
သား။ ။ဟုတ်တယ်. . . အဲဒါကြောင့်ပေါ့. . ။
**ဖခင်။ ။ဆရာမကဘာပြောလိုက်လို့လဲ။**
သား။ ။မင်းရဲ့. . . အိမ်စာတွေက အမှားတွေချည်းပဲတဲ့။
ဆရာမသင်လိုက်သလိုလည်း မဟုတ်ဘူးတဲ့။
**ဖခင်။ ။“ဟေ”**

# အမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်

**ရန်ကုန် ဇွန် ၂၃**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဦးထောင်ဘိုအဝိုင်းအနီး၌ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၆ နာရီခွဲက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်သင်းသင်းမြ၊ ဒေါ်ခင်အေးနွယ်နှင့် ဥက္ကဋ္ဌ ဒေါ်သောင်းမြတို့က ဆိုင်းဘုတ်ကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဦးစီး နာယက ဒေါ်ခင်သက်ဌေးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ (၀၁၅)



# အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသ

**ကျောက်ဆည် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် စဉ့်ကိုင်မြို့၊ ပုလိပ်မြို့သို့ အခမဲ့ကွင်းဆင်းကုသခြင်းကို ဇွန် ၁၆ ရက် နံနက် ၈ နာရီက ပုလိပ်မြို့အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးကြသည်။

ကျန်းမာရေးပညာပေးခြင်းအခမ်းအနားတွင် သမားတော်ကြီး ဒေါက်တာသူရဇော် **(အပေါ်ပုံ)**က ကျန်းမာရေးအခြေခံအုတ်မြစ်အကြောင်းကို လည်းကောင်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာမေမေကြူက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ကြည်ကြည်မြင့်က သားဆက်ခြားခြင်းအကြောင်းကို လည်းကောင်း ဟောပြောကြသည်။ ဆက်လက်၍ အထူးကုဆရာဝန်ကြီးများက ဝေဒနာရှင် ၅၈၃ ဦးအား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရှိရသည်။ (၄၀၈)

# မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ လပွတ္တာ၌ ကျင်းပ

**လပွတ္တာ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့သစ် မြသန်းတန်စေတီကုန်းတော်၌ ဇွန် ၁၇ ရက် နံနက် ၈ နာရီက မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များကိုခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးငြိမ်းလွင်က ခရေ၊ ပုန်းညက်၊ စိန်ပန်းနှင့် ကျွန်းပျိုးပင်များ ပေးအပ်ပြီးနောက် **(အပေါ်ယာပုံ)**စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



# သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ကျောင်းဝတ်စုံများ ဝမ်းတွင်း၌ ထောက်ပံ့ပေးအပ်

**ဝမ်းတွင်း ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပံ့ကျစျေးသည် ၆၅ ဦးတို့၏ သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၄ ရက် ညနေ ၄ နာရီခွဲက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူ ၁၀၇ ဦးအတွက် တစ်ဦးလျှင် ကျောင်းဝတ်စုံ တစ်စုံအတွက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၁၀၀၀ ကို အမှုဆောင်အရာရှိ ဦးသန့်ဇင်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၄၁၄)

# ကျန်းမာရေးအသိပညာပေး ရမည်းသင်း၌ ဟောပြော

**ရမည်းသင်း ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းသားကျောင်းသူများအား စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ပေးအပ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီက ရွှေကူအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၁၀၅ စုံနှင့် စာအုပ်၊ စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီအားပေးအပ်ပြီး ကျောင်းသုံးအမှိုက်ပုံး၊ ရေပုံး၊ ရေအိုးများကို ကျောင်းတွင်အသုံးပြုရန် ကျောင်းအုပ်ကြီးထံ အလှူရှင်များက ပေးအပ်ခဲ့သည်။ ပံ့ပိုးပေးခဲ့သည်။ ဆက်လက်၍ ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာထက်နုဝေနှင့် ဒေါက်တာချိုချိုမာတို့က ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းနည်းများလက်တွေ့သင်ကြားပေးပြီး ဒေါက်တာမြင့်မြင့်မော်က မိဘပြည်သူ များအား တီဘီ၊ အနာကြီးနှင့် ငှက်ဖျား ရောဂါများအကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။ (၄၀၆)

# ဗုဒ္ဓဓမ္မယဉ်ကျေးမှုကျောင်း တပ်ကုန်းမြို့၌ဖွင့်မည်

**တပ်ကုန်း ဇွန် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၌ ဗုဒ္ဓဓမ္မယဉ်ကျေးမှုကျောင်းကို ဇူလိုင် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်မှာ မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသား ကျောင်းသူများ ဗုဒ္ဓဓမ္မအသိများပိုမိုသိရှိရန်၊ ရတနာသုံးပါးဆည်းပူးတတ်ရန်နှင့် ယဉ်ကျေးလိမ္မာသူများဖြစ်လာစေရန်ဖြစ်သည်။

သင်ကြားမည့်ဘာသာများမှာ ဗုဒ္ဓဝင်၊ မင်္ဂလသုတ်၊ သင်္ဂလောဝါဒသုတ် (ပြည်သူ့နီတိ)တို့ဖြစ်ပြီး တနင်္ဂနွေနေ့တိုင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် မူလတန်းအဆင့်ကျောင်းသား ၃၀၀ အား မြို့ဦးစာသင်တိုက်တွင်လည်းကောင်း၊ အလယ်တန်းအဆင့်ကျောင်းသား ၃၀၀ အား ဗုဒ္ဓသာသနာပြုဝိမာန်တွင်လည်းကောင်း သင်ကြားသွားမည်ဖြစ်ကြောင်းသိရှိရသည်။ (၀၂၁)

# စားသောက်ဆိုင်လုပ်ငန်း ပြင်ပပုဂ္ဂလိကဆိုင်များနှင့်ယှဉ်ပြိုင်ရောင်းချနိုင်ရေး ပစ္စည်းအရည်အသွေး၊ ဝန်ဆောင်မှုအရည်အသွေး သာလွန်စေရန်ကြိုးစား

**နေပြည်တော် ဇွန် ၂၃**

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (စားသောက်ဆိုင်လုပ်ငန်းဌာန) သည် ဝန်ကြီးဌာနအတွက် ဝင်ငွေအများဆုံး ရှာဖွေပေးသော လုပ်ငန်းဌာနတစ်ခုဖြစ်သည်နှင့်အညီ စားသောက်ဆိုင်လုပ်ငန်းဌာန တာဝန်ခံများအနေဖြင့် စီးပွားရေးလုပ်ငန်း ဝင်ငွေယခုထက်ပိုမိုတိုးတက်ရှာဖွေနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ (Reform) ပြင်ဆင်ရေးဆွဲဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း (စားသောက်ဆိုင်လုပ်ငန်းဌာန) နေပြည်တော်ရုံးချုပ်၊ အထက်မြန်မာပြည်လုပ်ငန်းခွဲနှင့် အောက်မြန်မာပြည်လုပ်ငန်းခွဲတာဝန်ခံများနှင့် ရောင်းအားအကောင်းဆုံး လုပ်ငန်းခွဲခြောက်ခုတို့မှ တာဝန်ခံများနှင့် တွေ့ဆုံပွဲတွင် လုပ်ငန်းလမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စားသောက်ဆိုင်လုပ်ငန်းတွင် ပြင်ပပုဂ္ဂလိကဆိုင်များနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် ပစ္စည်းအရည်အသွေး၊ ဝန်ဆောင်မှုအရည်အသွေးတို့ကို ပုဂ္ဂလိကဆိုင်များထက်သာလွန်နေစေရန် ကြိုးစားဆောင်ရွက်ရေး၊ ထွက်ငွေအပိုင်းတွင် မလိုလားအပ်သည့် အသုံးစရိတ်များမရှိစေရေးအတွက် စိစစ်ကြပ်မတ်သုံးစွဲရေး၊ လုပ်ငန်းအောင်မြင်မှု ရှိစေရန်အတွက် တာဝန်ခံများအနေဖြင့် မိမိလုပ်ငန်းခွင်နယ်ပယ်ကို တာဝန်ယူလုပ်ကိုင်နေသူ တစ်ဦးချင်းစီ၏ စွမ်းဆောင်မှုအရည်အသွေးကိုပါ သိရှိနေသည်အထိ အောက်ခြေအဆင့်အထိ ကွင်းဆင်းလေ့လာပြီး စေ့စေ့စပ်စပ် ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက် လာကြသောတာဝန်ခံများက လုပ်ငန်းဝင်ငွေ ပိုမိုတိုးတက်ရရှိရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ဌာနတာဝန်ခံများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်ချက်များကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေးနှင့် ဒုတိယဝန်ကြီးဦးဌေးအောင်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (စားသောက်ဆိုင်လုပ်ငန်းဌာန) နေပြည်တော်ရုံးချုပ်၊ အထက်မြန်မာပြည်လုပ်ငန်းခွဲနှင့် အောက်မြန်မာပြည်လုပ်ငန်းခွဲတာဝန်ခံများနှင့် ရောင်းအားအကောင်းဆုံးလုပ်ငန်းခွဲ (၆)ခုတို့မှ တာဝန်ခံများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

## ▲ စည်ပင်အမှိုက်ပုံးကြီးမှ

ကမ္ဘာအေးစေတီလမ်းနှင့်ပတ်ကလိန်းလမ်းထိပ်ရှိ ထရန်စဖော်မာဘေးတွင်ချထားသော YCDC တံဆိပ်ကပ် နံပါတ် ဗဟ ၀၁၂ အစိမ်းရောင် အမှိုက်ပုံးကြီးမှာ ဇွန်၁၈ ရက် နံနက် ၆ နာရီခန့်၌ တာဝန်ကျ သန့်ရှင်းရေးဝန်ထမ်းက အမှိုက်သိမ်းဆည်းရန် အသွား မူလနေရာတွင်မရှိဘဲ ပျောက်ဆုံးနေသဖြင့် သန့်ရှင်းရေးခေါင်းဆောင်မှတစ်ဆင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးထံ သတင်းပို့ခဲ့ကြောင်း သိရသည်။

အနီးဝန်းကျင်ရှိသူများအား စနည်းနာကြည့်ရာ ညဘယ်အချိန်ကတည်းက ပျောက်ဆုံးနေကြောင်းမသိဟုသာ အဖြေရခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးက"အံ့ဩဖို့တော့ကောင်းတယ်ဗျ၊ အမှိုက်ပုံးကြီးက အကြီးကြီးပဲ ဘယ်လိုသယ်ထုတ်သွားတယ်ဆိုတာ စဉ်းစားလို့မရဘူး" ဟုဆိုခဲ့သလို နောက်တစ်ဦးက "အောက်မှာ ဘီးတွေပါတာပဲဗျာ၊ စည်ပင်လိုလို ဘာလိုလိုနဲ့ တွန်းယူသွားတော့ကော ဘယ်သူက လိုက်ကြည့်နေတာမှတ်လို့" ဟု မှတ်ချက်ပြုသံများ ကြားခဲ့ရသည်။ အမှိုက်ပုံးပျောက်ဆုံးမှုကြီးကို ဗဟန်းမြို့နယ်စည်ပင်မှ ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။




ဗဟန်းမြို့နယ်အတွင်းမှ ပျောက်ဆုံးသွားသော ကျပ် ၃၅၀၀၀၀ တန် အမှိုက်ပုံးကြီးမှာ ဤကဲ့သို့သော အမှိုက်ပုံးကြီးမျိုးဖြစ်သည်။

မည်သို့ပင်ဆိုစေ ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာရေးအတွက် နိုင်ငံခြားမှ ငွေကုန်ကြေးကျအကုန်ခံကာ မှာယူဆောင်ရွက်ပေးခဲ့သော ငွေကျပ် ၃၅၀၀၀၀ တန် အမှိုက်ပုံးကြီးမှာ ပျောက်ခြင်းမလှ ပျောက်ခဲ့ပါပြီ။ နောင်ဤသို့အလားတူမဖြစ်ရန် မည်သို့ကာကွယ်ကြမည်နည်း. . .။



ကျောက်ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ မိုးပွင့်စီမံချက်အဆင့်-၃ဖြင့် စိတ္တိန်းကျေးရွာအုပ်စုတွင် ဇွန် ၁၉ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ ဦးဝင်းမြင့်တို့နှင့် မြင်းခြံခရိုင်ဦးစီးဌာနမှူး ဦးမြင့်ရွှေတို့ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစဉ်။ (မြန်မာ့အလင်း)

## ❒ ရွှေဖုံးမှ

ငွေကျပ် တစ်သိန်း၊ ဗိုလ်မှူးပြည့်ဖြိုးမျိုး အားရည်စူး၍ ကျန်ရစ်သူမိသားစုက ငွေကျပ် ငါးသောင်း၊ ဗိုလ်မှူးကြီးခိုင်စိုး ဇနီး ဒေါ်ရီရီမြင့် မိသားစုက ငွေကျပ် ငါးသောင်း၊ ဗိုလ်မှူးဇော်မြင့်အောင်(ငြိမ်း) ဇနီး ဒေါ်ညိုမိစံ မိသားစုက ငွေကျပ် ငါးသောင်း၊ ကိုချစ်ရဲ(ခေတ္တမလေးရှား)နှင့် ကိုသိန်းသန်းတိုး (ခေတ္တကိုရီးယား)က ငွေကျပ် ငါးသောင်း၊ ကိုအောင်အောင်-မနွယ်နီဝေ မိသားစုက ငွေကျပ်သုံးသောင်း၊ ဦးဝင်းငွေ-ဒေါ်သန်းသန်းဆင့် မိသားစုက ငွေကျပ် နှစ်သောင်းနှင့် အဝတ်အထည် တစ်ထုပ်၊ ဒေါ်အေးအေးစိုး၊ ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာနက အဝတ်အထည် နှစ်ထုပ်၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာနခွဲ ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ဇင်နွယ်စိုး၊ တပ်စုမှူး ဒေါ်ချိုဝင်းမွန်၊ တပ်ကြပ်ကြီး သီတာအေး၊ တပ်ကြပ်ကြီး စမ်းမြသီတာ၊ တပ်သားသက်နှင်းဝေက ငွေကျပ် နှစ်သောင်း၊ ဒေါ်တင်တင်အိ(ဘုရင့်နောင်)က ငွေကျပ် သုံးထောင်၊ အရာခံဗိုလ် ဦးကျော်ထွန်းဝေ (ငြိမ်း)နှင့်ဇနီး ဒေါ်ငွေငွေ မိသားစုက ငွေကျပ် တစ်သောင်းငါးထောင်၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ တပ်ကြပ်ကြီး ဇော်ဝင်းမောင်နှင့် ဒေါ်စင်သီယာခင်စိုး မိသားစုတို့က ငွေကျပ် တစ်သောင်းတစ်ထောင်၊ မစုလှိုင်ဖြိုး၊ မသော်တာစန်း၊ မောင်ထင်လင်း မောင်နှမတစ်စုတို့က ငွေကျပ်တစ်သောင်းတစ်ထောင်၊ အဝတ်အထည် တစ်ထုပ်၊ ဖိနပ် တစ်ထုပ်၊ မခင်စုစုစံ၊ မောင်ဖြိုးပြည့်စုံတို့က ငွေကျပ် တစ်သောင်းတစ်ထောင်၊ အဝတ်အထည် နှစ်ထုပ်၊ လက်ကိုင်အိတ် တစ်ထုပ်၊ ဦးအောင်ကျော်မင်း - ဒေါ်မျိုးမျိုးသန့် မိသားစုက ငွေကျပ်သုံးထောင်၊ ကိုဇာနည်ဝင်းနိုင်-မသီသီနိုင်တို့က အဝတ်အထည် တစ်ထုပ်၊ ဦးလှိုင်မိုး-ဒေါ်စောလဲ့လဲ့ မိသားစုက ငွေကျပ်နှစ်သောင်း၊ ဦးသစ်-ဒေါ်ဌေးရီတို့က ငွေကျပ်သုံးထောင်၊ ဦးခင်စိုး-ဒေါ်သန်းမြင့်နှင့် ဦးဇော်-ဒေါ်သန်းသန်းဦးတို့က ငွေကျပ် တစ်သောင်းတစ်ထောင်၊ မြန်မာရီဂျင်ကုမ္ပဏီမှ ဦးထွန်းထွန်းဦးက ငွေကျပ်တစ်သောင်း၊ ဦးကျော်ငြိမ်း (ရေအားလျှပ်စစ် နေပြည်တော်) မောင်နှမတစ်စုက ငွေကျပ် နှစ်သိန်း၊ ဦးကီဟင်း-ဒေါ်ကျင်ရီး မိသားစုက အဝတ်အထည် နှစ်ထုပ်နှင့် ကျောင်းဝတ်စုံ တစ်ထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ၁၅၈၀၃၅၆၇၆ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ မီဒီယာဥပဒေနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၃**

ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ မီဒီယာဥပဒေနှင့်ပတ်သက်၍ စာပေစာနယ်ဇင်း၊ သတင်းမီဒီယာပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၀ ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ Hotel Yangon ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပုံနှိပ်မီဒီယာ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော စာပေ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များက အကြံပြုချက်များ ဆွေးနွေးတင်ပြခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

### တွေ့ဆုံဆွေးနွေး

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြား၍ ညနေ ၆ နာရီတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။ ဆွေးနွေးပွဲသို့ ဂျာနယ်နှင့်မဂ္ဂဇင်းများမှ အယ်ဒီတာချုပ်များ၊ သတင်းထောက်ချုပ်များ၊ သတင်းထောက်များ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ဥပဒေပညာရှင်များ အပါအဝင် စုစုပေါင်း ၇၅ဦးတက်ရောက်ခဲ့ကြသည်။ အဆိုပါ ကော်မတီသည် ဇွန် ၁၉ရက်တွင် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ပညာရှင်များနှင့်လည်းကောင်း၊ ဇွန် ၂၀ရက်တွင် ရုပ်ရှင်၊ ဗီဒီယို၊ ဂီတ၊ သဘင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

# ကိုယ်တိုင်သွားလိုက်ပါ

**ရန်ကုန် ဇွန် ၂၃**

မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စီမံချက်ဖြင့်ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းများ၌လည်းကောင်း၊ ပြည်သူများအတွက် မိမိနေထိုင်သော ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌လည်းကောင်း ဌာနမှဝန်ထမ်းများကိုယ်တိုင်ကွင်းဆင်း ဆောင်ရွက်ပေးနေကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးချိန်၌ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်နိုင်ခဲ့လျှင် မိမိနေထိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ သွားရောက်ပြုလုပ်လျှင် သက်ဆိုင်ရာက အမြန်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

တချို့တချို့သောသူများမှာ မအားလပ်၍သော်လည်းကောင်း၊ ရုံးဌာနများသို့ သွားရမည်ကို ဝန်လေးနေခြင်းကြောင့်လည်းကောင်း၊ ကိုယ်တိုင်သွားရောက်မပြုလုပ်ဘဲ ပွဲစားမှတစ်ဆင့် ပြုလုပ်ခိုင်းခြင်းကြောင့် ငွေကုန်ကြေးကျများခြင်း၊ ဌာနများအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ တစ်သက်လုံးကိုင်ဆောင်ရမည့် မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်တွင် အမှားအယွင်းများ ပါရှိသွားနိုင်ခြင်းတို့ကြောင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်လိုသူများသည် မိမိကိုယ်တိုင်ရုံးဌာနများသို့ သွားရောက်၍ ပြုလုပ်ပါက ငွေကုန်ကြေးကျသက်သာပြီး ဌာန၏ စိတ်ရင်းစေတနာမှန်ကိုလည်း သိရှိရမည်ဖြစ်ကြောင်း ကိုယ်တွေ့အတွေ့အကြုံလေးကို ဝေမျှပေးလိုက်ရပါသည်။

**(မောင်နေ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၁၂ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၄၀ | **ဘဝချမ်းသာ** တရားတော်(ချောင်းဦးဆရာတော် ဒေါက်တာ အရှင်ကိတ္တိသာရ) |
| ၆:၄၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၆၂) |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၇၆) |
| ၁၀:၄၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၁၆) |
| ၂:၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love **အချစ်သင်္ကေတ** (အပိုင်း-၁၆) |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၄၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၆၃) |
| ၁:၃၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၇၇) |
| ၂:၂၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၁၇) |

**အထက(၁)တွံတေး ပညာရေးမိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး/အာဟာရပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ရိပ်သာအမှုဆောင် ဦးမြင့်မောင်ထံ လှူဒါန်းစဉ်။** (၀၀၉)



# ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇွန် ၂၃**

**ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၉ဒသမ ၀၆လက်မ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၆၅လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၉၄လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၆၂လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၆၈လက်မ ၊ရွှေကျင်မြို့တွင် ၂ ဒသမ ၀၃လက်မ၊ ပလက်ဝမြို့နှင့်တောင်ငူ (လေကြောင်း)တို့တွင် ၁ ဒသမ ၈၅ လက်မစီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်၊ ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



# ရုရှား၊ နာဆာနှင့်ဂျပန်အာကာသယာဉ်မှူးသစ်သုံးဦး နိုင်ငံတကာအာကာသယာဉ်စခန်းသို့ စေလွှတ်မည်

မော်စကို ဇွန် ၂၃

**ရုရှားနိုင်ငံက နိုင်ငံတကာအာကာသယာဉ်စခန်းသို့စေလွှတ်မည့် အာကာသယာဉ်မှူးသစ် သုံးဦးကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ရုရှားအာကာသရေးရာအရာရှိများက ဇွန် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။**

အဆိုပါအာကာသယာဉ်မှူးများမှာ နာဆာ အာကာသယာဉ်မှူး ဆန်နီတာဝီလီယမ်၊ ရုရှား အာကာသယာဉ်မှူး ယူရီမာလန်ချန်ကိုနှင့် ဂျပန် အာကာသယာဉ်မှူး အကီဟီတိုဟိုရှီဒီတို့ဖြစ်ကြသည်။ ၎င်းတို့သုံးဦးသည် ရုရှားနိုင်ငံရှိ ဂါဂါရင် အမည်ရှိ အာကာသယာဉ်မှူးများလေ့ကျင့်ရေး စခန်း၌ လေ့ကျင့်နေကြလျက်ရှိသည်။

**သွားရောက်**

၎င်းအာကာသယာဉ်မှူးသုံးဦး **(အပေါ်ပုံ)** သည် အာကာသယာဉ်မှူးများ လေ့ကျင့်ရေးဌာန၌ စစ်ဆေးမေးမြန်းမှုများကို အောင်မြင်ခဲ့ကြပြီဖြစ်သည်။ ယင်းအာကာသယာဉ်မှူးသုံးဦးသည် ကာဇက်စတန်ရှိ ဘိုင်ကူနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရုရှားလုပ် ဆိုယုဇ်တီအမ်အေ-၀၅ အမ် ဒုံးပျံဖြင့် လာမည့် ဇူလိုင် ၁၅ ရက်၌ သွားရောက်ကြမည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်မှူးသုံးဦးသည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရောက်ရှိပါက နိုင်ငံတကာအာကာသယာဉ်စခန်းတွင် ရှိနေသော အာကာသယာဉ်မှူးသုံးဦးဖြစ်သည့် ရုရှားအာကာသယာဉ်မှူး ရိုမန်ရိုမန်နမ်ကို၊ ကနေဒါ အာကာသယာဉ်မှူးခရစ်ဟက်ဖီးလ်နှင့် နာဆာအာကာသယာဉ်မှူး သောမက်စ်မက်ဘမ်တို့က ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

နာဆာက အာကာသယာဉ်များစေလွှတ်မှုကို ပြီးခဲ့သည့်နှစ်က ရပ်ဆိုင်းခဲ့သဖြင့် ရုရှားနိုင်ငံမှ ဆိုယုဇ် အာကာသယာဉ်များသာ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသယာဉ်မှူးများကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ **(အင်တာနက်)**

# တောင်ကိုရီးယားလူဦးရေ သန်း ၅၀ ရောက်ရှိလာ

ဆိုးလ် ဇွန် ၂၃



တောင်ကိုရီးယားနိုင်ငံ၏ လူဦးရေသည် သန်း ၅၀ အထိတိုးမြင့်ရောက်ရှိလာကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံများစာရင်းတွင် ၂၆ နေရာသို့ ရောက်ရှိလာကြောင်း ဇွန် ၂၃ ရက်က ထုတ်ပြန်သော တောင်ကိုရီးယားအစိုးရ၏ လူဦးရေဆိုင်ရာစာရင်းဇယားများ၌ ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၏လူဦးရေ **(ယာပုံ)**သည် ၁၉၈၃ ခုနှစ်က သန်း ၄၀ ခန့်သာရှိခဲ့ရာမှ ၂၉ နှစ်ခန့်အကြာတွင် သန်း ၅၀ သို့ရောက်ရှိလာခြင်း ဖြစ်သည်။ ယခုထုတ်ပြန်သည့်လူဦးရေစာရင်းသည် ဇွန် ၂၃ရက်ည ၆ နာရီ ၃၆ မိနစ်က ထုတ်ပြန်သော စာရင်းဖြစ်သည်။

သို့သော် တောင်ကိုရီးယားနိုင်ငံတွင် လာမည့်နှစ်များ၌ မွေးဖွားမှုနှုန်း လျော့ကျလာနိုင်သဖြင့် လာမည့် ၂၀၃၀ ခုနှစ်၌ တောင်ကိုရီးယားနိုင်ငံ၏ လူဦးရေသည် ၅၂ ဒသမ ၁၆ သန်းခန့်အထိသာ တိုးတက်နိုင်မည်ဟုလည်း ခန့်မှန်းထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် မိသားစုများအား ကလေးမွေးဖွားမှုနှုန်း ထိန်းချုပ်မှုများရှိနေရာ လာမည့် ၂၀၄၅ ခုနှစ်အထိ လူဦးရေတိုးတက်မှုနှုန်း နှေးကွေးနိုင်မည်ဟုလည်း ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အမေရိကန်သုတေသနသင်္ဘော ဗီယက်နမ်သို့ ရောက်ရှိလာ

ဟန္နိုင်း ဇွန် ၂၃



အမေရိကန်ရေတပ်သုတေသနသင်္ဘောရိုဂျာရီဗီလ်လီသည် ဗီယက်နမ်နိုင်ငံ ဒါနန်မြို့ တန်ဆာဆိပ်ကမ်းသို့ ဇွန် ၂၂ ရက် နံနက်က ဆိုက်ရောက်လာခဲ့ကြောင်း၊ ယင်းမှာ ရှစ်ရက်ကြာ အလည်အပတ်ခရီးအဖြစ်လည်း ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ဇွန် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

၎င်းသင်္ဘော **(ဝဲပုံ)** သည် တောင်တရုတ်ပင်လယ်ပြင်၌ သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ခရီးထွက်လာစဉ် ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်လည်ပတ်ခြင်းဖြစ်သည်။ ထို့အပြင် ဗီယက်နမ်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အမေရိကန်ရေကြောင်း သုတေသနအဖွဲ့တို့အကြား ရေပြင်နှင့်ကုန်းမြေဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရန်အတွက်လည်း ဖြစ်သည်။

အဆိုပါ အမေရိကန်သုတေသနသင်္ဘောပေါ်တွင် အမေရိကန်သုတေသနအရာရှိနှင့် သင်္ဘောသား ၂၈ ဦးတို့ လိုက်ပါလာကြသည်။ ၎င်းတို့သည် ဗီယက်နမ်သိပ္ပံနှင့်သုတေသနပညာရှင်များကို သမုဒ္ဒရာလေ့လာရေးနှင့်ပတ်သက်ပြီး လေ့ကျင့်မှုများလည်း ပြုလုပ်ပေးမည်ဖြစ်သည်။ အမေရိကန်သုတေသနသင်္ဘောသည် ဗီယက်နမ်နိုင်ငံမှ ဇွန် ၂၉ ရက်တွင် ပြန်လည်ထွက်ခွာရန်စီစဉ်ထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

# ကမ္ဘာပေါ်၌ ပထမဆုံးဖန်ပြွန်သန္ဓေသားမွေးဖွားခဲ့သူ ဗြိတိန်အမျိုးသမီးကြီးသေဆုံး

ဘရစ်စတိုးလ် ဇွန် ၂၃



ကမ္ဘာပေါ်တွင် ပထမဆုံးဖန်ပြွန်သန္ဓေသားမွေးဖွားနိုင်ခဲ့သည့် ဗြိတိန်နိုင်ငံသူ အသက် ၆၄ နှစ်အရွယ်ရှိ အမျိုးသမီးကြီး လက်စ်လေဘရောင်းသည် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဇွန် ၂၃ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အမျိုးသမီးကြီးလက်စ်လေဘရောင်း **(ဝဲပုံ)**သည် ခင်ပွန်းဖြစ်သူ ဂျွန်နှင့်အိမ်ထောင်ပြုပြီး ကိုးနှစ်ကြာသည်အထိ သားသမီးမရနိုင်သဖြင့် ၁၉၇၈ ခုနှစ်က ဖန်ပြွန်သန္ဓေသားနည်းဖြင့် သမီးကြီးလူစီအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သူဖြစ်သည်။

သူမသည် ဖန်ပြွန်သန္ဓေသားနည်းဖြင့် သမီးကြီးလူစီအား အောင်မြင်စွာမွေးဖွားနိုင်ခဲ့ပြီးနောက် သမီးငယ်နာတာလီကိုလည်း ဖန်ပြွန်သန္ဓေသားနည်းဖြင့်အောင်မြင်စွာ ဆက်လက်မွေးဖွားနိုင်ခဲ့သူဖြစ်သည်။ သူမသေဆုံးပြီးနောက် သူမ၏မွေးစားသမီး ရှာရွန်နှင့် မြေးငါးဦး၊ ဖန်ပြွန်သန္ဓေသားနည်းဖြင့်မွေးဖွားခဲ့သည့် သမီးများဖြစ်သော လူစီနှင့် နာတာလီတို့ကျန်ရစ်ခဲ့သည်။ အမျိုးသမီးကြီး လက်စ်လေဘရောင်း၏ ခင်ပွန်းဖြစ်သူ ဂျွန်မှာ လွန်ခဲ့သည့် ငါးနှစ်ကပင် သေဆုံးသွားခဲ့ပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် သားသမီးမမွေးဖွားနိုင်သူများအတွက် အမျိုးသမီးကြီးလက်စ်လေဘရောင်းက ဖန်ပြွန်သန္ဓေသားမွေးဖွားခြင်းကို ရှေ့ဆောင်လမ်းပြနိုင်ခဲ့သည်။ ထို့အတူ သူမ၏ဖန်ပြွန်သန္ဓေသားကို အောင်မြင်စွာကုသမွေးဖွားပေးနိုင်ခဲ့သည့် ကိန်းဘရစ်မြို့ ဘွန်းဟောဆေးရုံမှာလည်း ယခုအခါ ကမ္ဘာ့ထိပ်တန်း ဖန်ပြွန်သန္ဓေသားမွေးဖွားရာဆေးရုံအဖြစ် ရပ်တည်နိုင်လျက်ရှိသည်။ **(အင်တာနက်)**

# တရုတ်နိုင်ငံတွင် သင်္ဘောတိမ်းမှောက်မှုဖြစ်ပွား ရှစ်ဦးပျောက်ဆုံးနေ

ပေကျင်း ဇွန် ၂၃

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်ရှိ ဟိုလူတောင်မြို့ ကမ်းလွန်ရေပြင် ဘိုဟိုင်းပင်လယ်ပြင်အတွင်း သဲတူးဖော်ရေးသင်္ဘောတစ်စင်း ဇွန် ၂၂ ရက် ညနေပိုင်းက တိမ်းမှောက်ခဲ့ပြီးနောက် လူရှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသအာဏာပိုင်များက ဇွန် ၂၃ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အန်ဟွေးပြည်နယ်မှတ်ပုံတင်ထားသည့် အဆိုပါ သဲတူးဖော်ရေးသင်္ဘောသည် ဇွန် ၂၂ ရက် ညနေ ၅ နာရီခန့်က တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ဟိုလူတောင်မြို့မှ တာဝန်ရှိသူတစ်ဦးက အတည်ပြုသည်။

သင်္ဘောမှောက်သည့်သတင်းကို ရေကြောင်းအာဏာပိုင်များက ဇွန် ၂၃ ရက် နံနက် ၁၁ နာရီတွင် လက်ခံရရှိခဲ့ခြင်းဖြစ်ပြီး ချက်ချင်းပင် ကယ်ဆယ်ရေးအဖွဲ့များကို သင်္ဘောတိမ်းမှောက်ရာနေရာသို့ စေလွှတ်ခဲ့သည်။

ဇွန် ၂၃ရက် မွန်းလွဲ ၂ နာရီအထိ နောက်ဆုံးသတင်းအရ လူရှစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ကယ်ဆယ်ထားနိုင်သူ လေးဦးရှိရာ ဆေးရုံသို့ပို့ထားကြောင်း၊ ၎င်းလေးဦးစလုံး အခြေအနေကောင်းမွန်လျက်ရှိသည်ကိုတွေ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။ ၎င်းသင်္ဘောတိမ်းမှောက်ခဲ့ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အဇာဘိုင်ဂျန်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံ ရေနံမြေကိစ္စ အငြင်းပွားလျက်ရှိ

ဘာကူး ဇွန် ၂၃

ယခင်ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့ကြသည့် အဇာဘိုင်ဂျန်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံတို့သည် ကက်စပီယန်ပင်လယ်အတွင်း ရေနံမြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားကာ နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာလျက်ရှိသည်။

ထိုသို့ အငြင်းပွားနေသည့် ရေနံမြေမှာ ကြာပက်ရေနံမြေနှင့်တကွ အဇာရီ(အိုမာ)နှင့် ချီရက် (အော့ခမန်)ရေနံမြေတို့ ဖြစ်ပြီး သူပိုင်ကိုယ်ပိုင် နှစ်နိုင်ငံ အငြင်းပွားလျက်ရှိသည်။ **(ယာပုံ)**

ရေနံရှာဖွေတူးဖော်မှုနှင့်ပတ်သက်၍ အဇာဘိုင်ဂျန်နှင့် တာ့မင်နစ္စတန် တို့သည် ယခုအခါ အပြန်အလှန်အငြင်းပွား စွပ်စွဲပြောဆိုလျက်ရှိကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

**(အင်တာနက်)**



## နိုင်ငံတကာသတင်းအတိုအထွာ ၂၃-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်



### တောင်ကိုရီးယားမှ ကင်ညာနိုင်ငံသို့ တိုက်ရိုက်လေယာဉ်ခရီးစဉ် စတင်ပြေးဆွဲ

*အာရှဒေသတစ်ဝန်းမှ အရှေ့အာဖရိကနိုင်ငံသို့ ခရီးသွားများတိုးတက်များပြားမှုကြောင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ ဂျိုမိုကင်ညာတာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်တိုက်ရိုက်ပျံသန်းမှုကို ဇွန် ၂၂ ရက်က စတင်ဖွင့်လှစ်ပေးလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။*

*ဆိုးလ်မြို့မှ နိုင်ရိုဘီမြို့သို့ စတင်ပျံသန်းပြေးဆွဲသည့်ခရီးစဉ်အဖြစ် ခရီးသည် ၁၆၂ ဦးအား တင်ဆောင်လာသည့် အဆိုပါလေယာဉ်ကို* ***(အပေါ်ပုံ)*** *ကင်ညာ ခရီးသွားလုပ်ငန်းဝန်ကြီး ဒန်အမ်ဝါဗိုက လေဆိပ်မှကြိုဆိုခဲ့သည်။ အာရှအရှေ့မြောက်ပိုင်းနိုင်ငံနှင့် ကင်ညာနိုင်ငံတို့အကြား ထိုကဲ့သို့ လေကြောင်းခရီး တိုက်ရိုက်ပျံသန်းပြေးဆွဲမှုကြောင့် ခရီးသွားလုပ်ငန်း၊ ကုန်သွယ်လုပ်ငန်းနှင့် လူမှုဆက်ဆံရေးများ တိုးတက်မှုအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း ဝန်ကြီးက စတင်ပျံသန်းပြေးဆွဲသည့် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။*

### ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း၌ ရထားနှင့်ကားတိုက်မှုဖြစ်ပွား

***ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အရီဂါမြို့တွင် ဇွန် ၂၂ ရက် နံနက်ပိုင်းက ရထားတစ်စင်းနှင့် မော်တော်ကားတစ်စီးတို့ တိုက်မှုဖြစ်ပွားပြီးနောက် ကလေးငယ်သုံးဦးအပါအဝင် လူငါးဦးသေဆုံးပြီး အခြားခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ဖြစ်ပွားမှုမှာ အရီဂါမြို့အနီးရှိ စန်အော်ဂတ်စတန်နှင့် စန်အိုင်ဆိုင်ရို ကျေးရွာနှစ်ရွာအစပ်၌ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၆ နာရီ ၅၄ မိနစ်က တိုက်မိခဲ့ခြင်းဖြစ်ကြောင်း အရီဂါမြို့ ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရီနေတိုဘာတလာက ယင်းနေ့နှောင်းပိုင်းတွင် ပြောကြားခဲ့သည်။ စာသင်ကျောင်းတစ်ကျောင်းသို့ ဦးတည်မောင်းနှင်နေသည့် အဆိုပါမော်တော်ယာဉ်သည် ရထားခုတ်မောင်းလာစဉ် ရထားလမ်းနှင့် ကားလမ်းဆုံရာ၌ ဖြတ်ကူးရန် ကြိုးစားရာမှ ထိုသို့ တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ဘာတလာက ပြောကြားခဲ့သည်။ သေဆုံးသူများမှာ ဆယ်ကျော်သက်အရွယ် ကျောင်းသားနှစ်ဦးနှင့် လူလတ်ပိုင်းအရွယ် ခရီးသည်တစ်ဦးတို့ဖြစ်ပြီး အခြားနှစ်ဦးမှာ အသက် ၅၀ အရွယ်ခန့်ရှိ ခရီးသည်နှစ်ဦးတို့ဖြစ်ကြောင်း၊ ဒဏ်ရာရသူခုနစ်ဦးအား ဆေးရုံသို့ ပို့ပေးထားကြောင်း ၎င်းက ပြောကြားခဲ့သည်။*** *(အင်တာနက်)*

# ၂၀၁၂ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲနှင့် ပြေးပွဲပြိုင်ပွဲများကျင်းပ



မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် (၁၅)ကီလိုမီတာ အမျိုးသားအပြေးပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇွန် ၂၃**

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းက သေနတ်ပစ်ဖောက်၍ စတင်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ဦးဆောင်၍ ကျိုက္ကဆံကွင်းအတွင်း တစ်ပတ်စုပေါင်းလမ်းလျှောက်ကြသည်။

ဆက်လက်၍ ၁၅ ကီလိုမီတာ အမျိုးသား/ အမျိုးသမီးအပြေးပြိုင်ပွဲကို ဒုတိယဝန်ကြီးက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ရာ အမျိုးသားအလွတ်တန်းပြိုင်ပွဲ၌ဆုရသူများအား ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူကလည်းကောင်း၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ဆုရသူများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်က လည်းကောင်း၊ အမျိုးသားအသက် ၂၀ အောက်ပြိုင်ပွဲတွင် ဆုရသူများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း၊ အမျိုးသမီး အသက် ၂၀ အောက်ပြိုင်ပွဲတွင်ဆုရသူများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင်ပါမောက္ခ ဒေါက်တာဒေါ်ခင်မေအုန်းက လည်းကောင်း၊ အမျိုးသားအသက် ၁၈ နှစ်အောက်ပြိုင်ပွဲတွင် ဆုရသူများအား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းကလည်းကောင်း၊ အမျိုးသမီး အသက် ၁၈နှစ်အောက်ပြိုင်ပွဲတွင် ဆုရသူများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်အမှုဆောင် ဒေါက်တာဒေါ်ပန်ဒိုရာအောင်ကြီးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲနှင့် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲတို့ကို ကြည့်ရှုအားပေး၍ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားရေကူးကန်၌ ကျင်းပသည့် ဝါတာပိုလိုရေကူးအားကစားပြိုင်ပွဲ၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် M.G.S.Beverages Co., Ltd. တို့ပူးပေါင်းကျင်းပသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် Champion Challenge Cup Tournament (bodybuilding)2012 ပြိုင်ပွဲနှင့် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးကြပြီး ကာယဗလမောင် ၆၀ ကီလိုတန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရသူများအား အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က လည်းကောင်း၊ ကာယဗလမောင် ၈၀ ကီလိုတန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရသူများအား ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဆုများချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်းဒေသကြီးအား ဒုတိယဝန်ကြီးက တံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၌ ကျင်းပသည့် အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မင်္ဂလာဒုံမြို့နယ်၌ကျင်းပ

**ရန်ကုန် ဇွန် ၂၃**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာ ပုလဲဆေးရုံဝင်းအတွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က ဌာနဆိုင်ရာများအား ပျိုးပင်များပေးအပ်ကြ၍ သတ်မှတ်နေရာများ၌ ပျိုးပင် ၅၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



သာကေတမြို့နယ် ကျောက်ချောင်းပရိယတ္တိစာသင်တိုက် အာယုဝဍ္ဎနကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးကုသခန်း၏ လုပ်အားဒါနအလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားတွင် ဆေးကုသရေးတာဝန်ခံ ရန်ကုန်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်မြသွင်(အငြိမ်းစား)က လုပ်အားဒါနရှင် ဆရာဝန်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

# ယာဉ်တိမ်းမှောက်မှုအား ဝိုင်းဝန်းကူညီပေးခဲ့ပါသည်

**ရန်ကုန် ဇွန် ၂၃**

ဇွန် ၂၂ ရက် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင် ၁၁၀/၆ ဇယာတံတားပေါ်၌ ယာဉ်တိမ်းမှောက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ဦး. . . မောင်းနှင်လာသော Vista ၁ဂ/. . . . ယာဉ်မှာ တံတား၏ ယာဘက်ထိပ်အား ရုတ်တရက်ဝင်တိုက်မိပြီး တံတားထိပ်အနီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ကာ ယာဉ်မှာ ပက်လက်လန်၍ ထိခိုက်ပျက်စီးသွားသည်။

**ဝိုင်းဝန်းကူညီ**

အဆိုပါဖြစ်ပွားရာသို့ နေပြည်တော်၌ကျင်းပသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားမှ ရန်ကုန်မြို့သို့ ပြန်လာကြသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဝန်ထမ်းကြိုပို့ယာဉ်မှ ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါဝန်ထမ်းမိသားစုများက တွေ့ရှိပြီး လိုအပ်သောကူညီမှုများနှင့် ထိခိုက်ပျက်စီး၍ ပက်လက်လန်နေသည့်ယာဉ်အား အမြန်လမ်းမကြီးပေါ်မှ ယာဉ်လမ်းကြောင်းကင်းလွတ်ရာသို့ အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းကူညီ ဖယ်ရှားရှင်းလင်းပေးခဲ့ကြကြောင်းနှင့် တိမ်းမှောက်ယာဉ်မောင်းသူမှာ ကြီးကြီးမားမား ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

**(နွဲ့နွဲ့ကြည်-သတင်းစဉ်)**

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# ၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၂၃**

၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအား ဖိတ်ခေါ်ကျင်းပခဲ့သည်။ ဆောင်းပါးပြိုင်ပွဲကို "ကုဋေတစ်သန်းကို ခြေတစ်လှမ်းဖြင့်အရယူ တိုင်းကျိုးပြည်ပြုဆောင်ရွက်သူ" ဟူသောခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "မျိုးဂုဏ်မြင့်မားမြန်မာအမျိုးသမီးများ" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသည့် အမည်စာရင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီက ဇွန် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု မအေးမြတ်မြတ်(အေးမြတ်မြတ်-နိုင်ငံခြားဘာသာတက္ကသိုလ်)၊ ဒုတိယဆု မောင်အာကာစိုးပိုင်၊ တတိယဆု မနှင်းအဥ္ဇလီတို့ ရရှိကြသည်။ အထူးဆုများအဖြစ် မဖြူဖြူသန်း(ဖြူမေသော်-မြန်အောင်)၊ Br. မင်းစိုးသူရ (မင်းသွေးငယ်-ရာမညမြေ)၊ ဒေါ်ခင်ခင်ထွေး (ခင်ခင်ထွေး-ပန်းတောင်းထွေ/အုပ်)၊ ဒေါက်တာခိုင်ခိုင်သင်း (ခိုင်ခိုင်သင်း-ယဉ်ကျေးမှု)နှင့် ဒေါ်ချိုနွယ်ဌေးဝင်း (ရှင်းသန့်ချို)တို့က ရရှိကြသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု အောင်နိုင်ဝင်း(အား/ကာ)၊ ဒုတိယဆု ဦးစိုးမင်း(အောင်သီဟ)၊ တတိယဆု ညီညီစိုးညွှန့်တို့ ရရှိကြသည်။ အထူးဆုများအဖြစ် အောင်ဌေးလှိုင်၊ စောသိန်းဝင်း(မြို့တော်သတင်း)၊ ရဲလင်းထွန်း(လှသရဖူ)နှင့် မောင်ငယ် (ကမ္ဘောဇ)တို့က ရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများအနက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများအား ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကျင်းပမည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲ အထူးဆုရရှိခဲ့သူများအား မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့သို့ ဆက်သွယ်ကြရန် ဖြစ်သည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်အောင်မြင်ဘုရားလမ်း ဒက္ခိဏသီရိမြို့ နေပြည်တော် ဖုန်း-၀၆၇-၄၁၉၁၇၄နှင့် ဖက်စ် ၀၆၇-၄၁၉၁၇၉တို့သို့ ဇွန် ၂၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်သားဖွားခန်းတွင် ပြည်သူလူထုအခြေပြုအိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်သောင်းမြနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ဆေးဝါးနှင့်အာဟာရများ ထောက်ပံ့ကြစဉ်။ (၁၂၂)

## မြန်မာ့အလင်း မှုခင်းသတင်း

# စိတ်ကြွဆေးပြားနှင့်ဘိန်းဖြူများ တာချီလိတ်မြို့နယ်တွင် ဖမ်းမိ

**တာချီလိတ် ဇွန် ၂၃**

ဇွန် ၂၀ ရက် နံနက် ၅ နာရီခန့်က တာချီလိတ် မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဖတ်ဟိ(အထက်)ကျေးရွာနေ အားဒန်၏နေအိမ်အား တာဝန်ရှိသူများက ဝင်ရောက်ရှာဖွေစစ်ဆေးရာ နေအိမ်မီးဖိုခန်းရှိ ပန်းကန်စင်အောက်တွင် ဝါးနှီးစည်းအတွင်း အပြာရောင်ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၂၀၀ ပြားစီပါ အထုပ်နှစ်ထုပ်၊ အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသောဘိန်းဖြူအလေးချိန် ၈ ဂရမ်ခန့်ပါ တစ်ထုပ်တို့ကို လည်းကောင်း၊ နေအိမ်အိပ်ခန်းအိပ်ရာပေါ်ရှိ အညိုရောင်လွယ်အိတ်အတွင်းမှ အဖြူရောင်ပလတ်စတစ်ဖြင့် ထည့်ထားသော ဘိန်းဖြူအလေးချိန် ၃ ဂရမ်ပါ တစ်ထုပ်၊ ဘိန်းစိမ်းအလေးချိန် ၈၀ ဂရမ်ပါ တစ်ထုပ်၊ အဖြူရောင်အအေးစုပ်ပိုက်ဖြင့်ထည့်ထားသော WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွဆေးပြား ၂၅ ပြား၊ စုစုပေါင်း စိတ်ကြွဆေးပြား ၄၂၅ ပြားကို လည်းကောင်း၊ ဘိန်းဖြူအလေးချိန် ၁၁ ဂရမ်၊ ဘိန်းစိမ်းအလေးချိန် ၈၀ ဂရမ်ကို လည်းကောင်း တွေ့ရှိဖမ်းဆီးရခဲ့ပြီး အားဒန် (ဘ)ဦးအားမြို အသက် ၅၉ နှစ်အား တာချီလိတ်(မူးယစ်)အဖွဲ့မှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(၀၆၀)**

# ယာဉ်ဖြင့်တိုက်ပြီး လူနာကိုကားပေါ်တင် မောင်းနှင်ထွက်ပြေးသူ ဖြူးမြို့နယ်၌ နာရီပိုင်းအတွင်းဖမ်းဆီးရမိ

**ဖြူး ဇွန် ၂၃**

ဖြူးစည်ပင်ဈေးရှေ့၌ အမျိုးသမီးတစ်ဦးအားတိုက်မိပြီး လူနာကိုကားပေါ်တင် မောင်းနှင်ထွက်ပြေးသွားသောကားတစ်စီးကို တာဝန်သိပြည်သူတစ်ဦးက သတင်းပို့သဖြင့် နာရီပိုင်းအတွင်း ဖမ်းဆီးရမိသော မှုခင်းတစ်ခု ဖြူးမြို့၌ဖြစ်ပွားခဲ့သည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်မှာ ဇွန် ၁၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ဖြူးရဲစခန်း မြောက်ဘက်ဈေးရပ်ကွက် ရန်ကုန်-မန္တလေးပုံမှန်လမ်း စည်ပင်သာယာဈေးရှေ့၌ ကားတစ်စီးက အမျိုးသမီးတစ်ဦးအားတိုက်မိပြီး လူနာကိုကားပေါ်သို့တင်ကာ မောင်းနှင်သွားကြောင်း တာဝန်သိပြည်သူတစ်ဦးက ဖြူးရဲစခန်းသို့လာရောက်သတင်းပို့သဖြင့် တာဝန်မှူးဒုရဲအုပ်သန်းဦးက ဖြစ်စဉ်ကိုစုံစမ်းပြီး ဖမ်းဆီးနိုင်ရန် အခြားရဲစခန်းများသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ ကညွတ်ကွင်းရဲစခန်းမှ လူနာနှင့်ယာဉ်ကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့်ယာဉ်မှာ သ/. . . မစ်ဆူဘီရှိ အမျိုးအစားအဖြူရောင်လိုက်ထရပ်ကားဖြစ်ပြီး ယာဉ်မောင်းမှာ ဘိုဘိုအောင် ၄၂ နှစ် (ဘ)ဦးအောင်ဟိန်းဖြစ်သည်။ အတိုက်ခံရသည့်လူနာဒေါ်ခင်ရွှေ(နေရပ်လိပ်စာစုံစမ်းဆဲ)မှာ ခြေထောက်နှင့် ဝဲနဖူးဒဏ်ရာ၊ ဝဲလက်မောင်းပွန်းပဲ့ပြင်းထန်ဒဏ်ရာများရရှိသဖြင့် ကညွတ်ကွင်းတိုက်နယ်ဆေးရုံသို့တင်ပို့ခဲ့ရာ လူနာမှာ ထိုနေ့ ၅ နာရီ မိနစ် ၅၀ တွင် သေဆုံးသွားသည်။ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဘိုဘိုအောင်အား ဖြူးရဲစခန်းမှ အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၁၁၃)**

■ *ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သတင်းမှ*

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လေးဘာသာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ နှစ်ဦးတို့အား ငွေကျပ်ကိုးသောင်းစီနှင့် ဂုဏ်ပြုလက်ပတ်နာရီတစ်လုံးစီတို့ကို ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုချီးမြှင့်**

ယင်းနောက် အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နှစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ သုံးဦးတို့အား ဂုဏ်ပြုချီးမြှင့်ပြီး တစ်ဘာသာဂုဏ်ထူးရှင်များအား မြို့နယ်ပညာရေးမှူးက ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဒက္ခိဏသီရိမြို့နယ် ပညာရေးမှူးရုံးနှင့် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းတို့အတွက် Sky Net ရုပ်မြင်သံကြားဖမ်းစက်တစ်စုံစီကို ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အထက(၁၈)နှင့် အထက(၁၉) ကျောင်းများအတွက် ကွန်ပျူတာတစ်စုံစီနှင့် စာကူးစက်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပညာရေးငွေပဒေသာပင်အတွက် K. M. A ကုမ္ပဏီမှအုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်အေးက ငွေကျပ်သိန်း ၂၀၊ Capital Diamond Star Group ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းရင်က ငွေကျပ်သိန်း ၂၀ နှင့် မြတ်မွန်ရတနာကုမ္ပဏီမှ ဈေးကွက်မန်နေဂျာ ဦးကျော်စည်က ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ ဇနီး ဒေါ်ခင်သန့်စင်က အထက(၁၈)မှ ဆရာ ဆရာမ ၃၅ ဦးနှင့် အထက(၁၉)မှ ဆရာ ဆရာမ ၄၈ ဦးတို့အတွက် ကျောင်းဝတ်စုံ ၈၃ စုံ ပေးအပ်လှူဒါန်းသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် တက်ရောက်လာသော ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *အာကာသယာဉ်ပုံစံသစ်မှ*

ဖြတ်သန်းချိန်တို့အပြင် အာကာသအတွင်း ရောက်ရှိချိန်တို့၌ တပ်ဆင်ထားသော ကိရိယာနှင့်စနစ်များ ပုံမှန်အလုပ်လုပ်နိုင်စွမ်း ရှိ မရှိကို အဓိကစစ်ဆေးရမည်ဖြစ်ကြောင်း နာဆာမှ သိပ္ပံပညာရှင်များက ပြောကြားသည်။ ပုဂ္ဂလိကအာကာသယာဉ်သစ်ကို ၂၀၁၆ ခုနှစ်၌ အာကာသသို့လွှတ်တင်ရန် စီစဉ်ထားရာ ယခုအာကာသယာဉ်ဒီဇိုင်းသည် ဒုတိယမြောက်ဖြစ်သည်။ ပထမ အာကာသယာဉ်ဒီဇိုင်းမှာ ဂျက်လေယာဉ်တစ်စင်း၏ ပုံသဏ္ဌာန်ဒီဇိုင်းဖြစ်သည်။ ထို့အတူ နာဆာကလည်း ပုဂ္ဂလိကကုမ္ပဏီနှစ်ခုနှင့်ပူးတွဲကာ အာကာသယာဉ်သစ်များ တည်ဆောက်မှုကို နည်းပညာများကူညီပေးလျက်ရှိသည်။ ထို့ကြောင့် မကြာမီနှစ်များ၌ အာကာသယာဉ်ဒီဇိုင်းပုံစံသစ်များဖြင့် အာကာသယာဉ်မှူးများအား သယ်ဆောင်ပျံသန်းနိုင်တော့မည်ဖြစ်သည်။ **(အင်တာနက်)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၂၃**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၀၁၂-၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီတွင် အမှတ် (၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရှေ့၌ ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်နှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသူများက သစ်ပင်များကို စိုက်ပျိုးကြသည်။ **(အောက်ပုံ)**ယနေ့ စိုက်ပျိုးသော သစ်ပင်များမှာ ယူကလစ်၊ မန်ကျည်း၊ စွယ်တော်၊ မဟော်ဂနီ၊ သက်န်း၊ ပင်လယ်ကဗ္ဗီး၊ ပေါက်ပန်းဖြူ၊ အော်ရီးရှား၊ မဲဇလီပင်များ ပါဝင်ပြီး စုစုပေါင်း ၅၀၄ ပင်ဖြစ်ပြီး ၂၀၁၂-၂၀၁၃ခုနှစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ပျိုးပင်ပေါင်း ၂၉၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၀၂၅)**





# သာပေါင်းမြို့နယ်၌ ချေးငွေပေးအပ်

**သာပေါင်း ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ရှိ သီရိရွှေသာဈေးရှိ ပျံကျဈေးသည်များအား ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်စေရေးအတွက် စတုတ္ထအကြိမ်ချေးငွေပေးအပ်ပွဲကို ဇွန် ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ ပျံကျဈေးသည် ၁၀၀ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီဖြင့် ငွေကျပ်သန်း ၃၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးနိုင်တို့က ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

✻ *ပရက်စလေရဲ့မြေးမှ*

ဇိုရာအမည်ရှိတဲ့ မိန်းကလေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်နေတာဖြစ်ပြီး ထူးဆန်းတဲ့အဖြစ်အပျက်တွေနဲ့ ကြုံတွေ့ရတဲ့ အမျိုးသမီးရဲ့အကြောင်းကို ရိုက်ကူးထားတာဖြစ်ပါတယ်။ သူမ ပါဝင်သရုပ်ဆောင်ထားတဲ့ The Good Doctor အမည်ရှိတဲ့ ဇာတ်ကားဟာ လူကြိုက်များခဲ့သလို Jack & Diane အမည်ရှိတဲ့ ဇာတ်ကားဟာလည်း ပရိသတ်အားပေးခဲ့တာမို့ အခုဆိုရင် ဇာတ်ကားတွေဆက်တိုက်ရိုက်ကူးနေတဲ့ ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ပါတယ်။ The Good Doctor ဇာတ်ကားမှာ ရုပ်ရှင်မင်းသား အော်လန်ဒိုဘလွမ်းနဲ့အတူ တွဲဖက်သရုပ်ဆောင်ခဲ့တာဖြစ်ပြီး ကျောက်ကပ်ရောဂါ ခံစားနေရတဲ့ ဝေဒနာရှင်အမျိုးသမီးလေးတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့တာဟာ ပီပြင်လွန်းတယ်လို့ ဆိုပါတယ်။ လာမယ့် ဇူလိုင်လမှာ Kiss of the Damned ဇာတ်ကားကိုလည်း ရုပ်ရှင်မင်းသမီးရိုင်လေကို့ ပါဝင်ရိုက်ကူးမှာမို့ သူမရဲ့ဇာတ်ကားသစ်တွေ ဆက်တိုက်ထွက်ရှိလာတော့မှာ ဖြစ်ပါတယ်။ **(အင်တာနက်)**



# လှူဒါန်း

**ဇွန် ၁၉ ရက်က ဒေါက်တာဦးခင်မောင်ဝင်း - ဒေါက်တာဝေဝေစိန်အရောင်းပြခန်းမိသားစုက မြန်မာနိုင်ငံဆရာဝန်အသင်း အရေးပေါ်လူနာတင်ပို့ဆောင်ရေး ဖောင်ဒေးရှင်းအတွက် Pulseoximeter နှင့် Defibrillator စက်များဝယ်ယူရန် အလှူငွေကျပ် ၂၅သိန်းကို မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်နှင့် ကော်မတီဝင်များထံ လှူဒါန်းစဉ်။**

(ဆရာဝန်အသင်း)

# ရခိုင်ပြည်နယ်အတွက် အလှူငွေများလှူဒါန်းနိုင်

**မန္တလေး ဇွန် ၂၃**

ရခိုင်ပြည်နယ်၌ ဖြစ်ပေါ်ခဲ့သောအခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများလတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ ၂၉ လမ်း ၈၁ လမ်းထောင့်ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ အမှတ်(၁) ပြည်နယ်/တိုင်းဒေသကြီး မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးကြည်တိုးနှင့် တရုတ်ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ကြသည်။

ထို့နောက် အလှူရှင် တရုတ်ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်က ရခိုင်ပြည်နယ်၌ လတ်တလော အခက်အခဲကြုံတွေ့နေရသော ဒုက္ခသည်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ **(အောက်ပုံ)** တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇံက လက်ခံသည်။ အလှူငွေလှူဒါန်းလိုသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အလှူခံဌာန ဗဟိုမီးသတ်စခန်း (၂၉ လမ်း × ၈၁ လမ်းထောင့်)၌ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မောင်တင်)**



မြန်မာ့အလင်း ပြည်တွင်းအားကစားသတင်း ပြည်တွင်းအားကစားသတင်း ပြည်တွင်းအားကစားသတင်း

# အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

***ရန်ကုန် ဇွန် ၂၃***

*၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အားကစားပြိုင်ပွဲရုံများ၌ ကျင်းပကြသည်။ **(အောက်ပုံ)***

*အဆိုပါ အိုလံပစ်နေ့အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ၁၅ ကီလိုမီတာပြေးပွဲများ၊ ကြက်တောင်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး အငယ်တန်းနှင့် လူသစ်တန်း နှစ်ယောက်တွဲပြိုင်ပွဲများ၊ လက်ဝှေ့ပြိုင်ပွဲတွင် လက်ဝှေ့ကလပ်အသင်းများမှ သက်တန်းအလိုက် လက်ဝှေ့သမားပြိုင်ပွဲများ၊ ခရစ်ကက်ပြိုင်ပွဲတွင် တစ်ဦးချင်းဘက်တန်ရိုက်အမှတ်ယူပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲများ၊ ဟော်ကီပြိုင်ပွဲတွင် အသက် ၁၆ နှစ်အောက် လူငယ်ပြိုင်ပွဲများ၊ ရေကူးပြိုင်ပွဲတွင် အလွတ်တန်းအမျိုးသား အမျိုးသမီး မီတာ ၂၀၀ လေးမျိုးကူး၊ အလွတ်ကူး မီတာ ၁၀၀၊ ၅၀ အလွတ်ကူး ရင်ပေါင်တန်းကူး၊ ပက်လက်ကူး၊ လိပ်ပြာကူး အမျိုးသား အမျိုးသမီး မီတာ ၈၀၀၊ ၁၅၀၀ ပြိုင်ပွဲများ၊ ဘော်လီဘောပြိုင်ပွဲတွင် လက်ရွေးစင်အမျိုးသား အမျိုးသမီး (က) အသင်းနှင့် (ခ)အသင်းပြိုင်ပွဲများ၊ ဂျူဒိုပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးဝိတ်တန်း (၄)တန်း အလွတ်တန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)***



❖ *ကျော်ဖုံးမှ*

ဖရီးကစ်မှတစ်ဆင့်ချေပဂိုးပြန်သွင်းခဲ့ပြီး သရေဖြစ်ပြီးနောက်ပိုင်းမှာတော့ မြန်မာအသင်းက တောက်လျှောက်ဖိကစားသွားပြီး ၄၁မိနစ် နှင့် ၄၅မိနစ်တွင် ကျော်ကိုကို၊ ၆၁မိနစ်မှာ ရန်အောင်ဝင်းနဲ့ ၇၅မိနစ်မှာ ကျော်ဇေယျာဝင်းတို့က အနိုင်ဂိုးတွေ သွင်းယူခဲ့ပါတယ်။

မြန်မာအသင်းမှာ ဂိုး-ကျော်ဇင်ဖြိုး၊ နောက်တန်း-ရန်အောင်ဝင်း၊ အောင်ဟိန်းကျော်၊ ဇော်မင်းထွန်း၊ ရဲဇော်ထက်အောင်၊ သိန်းသန်းဝင်း၊ အလယ်တန်း-ကြည်လင်း၊ နိုင်လင်းဦး၊ ဖြိုးဘိုဘိုသိန်း၊ နန္ဒလင်း၊ ကျော်ချစ်၊ သက်နိုင်၊ ကျော်ဇေယျာဝင်း၊ ရှေ့တန်း-ကျော်ကိုကို၊ ကောင်းစည်သူတို့ ပါဝင်ကစားခဲ့ကြပါတယ်။

**(သုဝဏ္ဏကွင်း)**

တောင်ကိုရီးယား - သုံးဂိုး
မလေးရှား - နှစ်ဂိုး

**(အောင်ဆန်းကွင်း)**

တရုတ် (တိုင်ပေ) - နှစ်ဂိုး
ဗီယက်နမ် - တစ်ဂိုး

**၂၅-၆-၂၀၁၂**

**(သုဝဏ္ဏကွင်း)**

**ညနေ (၃း၁၅)**

တောင်ကိုရီးယား - တရုတ် (တိုင်ပေ)

**ညနေ (၆း၁၅)**

မြန်မာ - ဗီယက်နမ်

**(အောင်ဆန်းကွင်း)**

**ညနေ (၃း၁၅)**

မလေးရှား - ဖိလစ်ပိုင်

# မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၂၃**

၂၀၁၂ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai မြို့၌ ကျင်းပသည့် 2012 Asian Men's Club Volleyball Championship ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘော်လီဘောအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း(GM, Asia World Co., Ltd.) ခေါင်းဆောင်သည့် မြန်မာ့လက်ရွေးစင်အမျိုးသားဘော်လီဘောအသင်းသည် ဇွန် ၂၃ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။



**မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**

(ဘော်လီဘောအဖွဲ့ချုပ်)

မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းတွင် နည်းပြချုပ်အဖြစ် Mr. Zhang Quan က လည်းကောင်း၊ နည်းပြအဖြစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်ကလည်းကောင်း၊ လေ့ကျင့်ရေးမှူးအဖြစ် ဦးမောင်ဇော် (ပြည်ထဲရေးဝန်ကြီးဌာန)က လည်းကောင်း၊ မြန်မာ့လက်ရွေးစင်များအဖြစ် ကျော်ရွှေနှင့် ဝင်းထွန်းဦး (အား/ကာ)၊ အောင်သူ (ကာကွယ်ရေးဝန်ကြီးဌာန)၊ ရဲမင်းအောင်၊ အောင်မြတ်ထွန်း၊ ဒိုမေးနီကို၊ ကျော်ကျော်ထွေး၊ ရဲရင့်ထွန်း၊ ပိုင်သ(ပြည်ထဲရေးဝန်ကြီးဌာန)၊ စိုင်းညီလေး (လူဝင်မှု/အင်အားဝန်ကြီးဌာန) နှင့် ဇော်ထက်ဝေ၊ ဇော်မျိုး (ကျောင်းသား)တို့ ပါဝင်လိုက်ပါသွားကြသည်။

ယင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ဘော်လီဘောအသင်း (၁၇) သင်းကို အုပ်စုလေးစုခွဲထားရာ (ခ)အုပ်စုတွင် မြန်မာ၊ အီရန်၊ ကာတာနှင့် ဥဇဘက်ကစ္စတန်တို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ပွဲဦးထွက်ပွဲအဖြစ် ဇူလိုင် ၁ ရက်တွင် ကာတာအသင်းနှင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပြိုင်ပွဲမတိုင်မီ Guang Zhou မြို့နယ်အတွင်းရှိ ကလပ်အသင်းများနှင့် လက်ရည်စမ်းပွဲများအဖြစ် ယှဉ်ပြိုင်ကစားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

24-6 (07).pmd 1 6/24/2012, 1:51 AM

# ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အာဏာကို ခွဲဝေကျင့်သုံးခြင်း

ဖိုးရာဇာ

ဥပဒေပါမောက္ခ ဒေါက်တာတင်အောင်အေး ရေးသားသော အခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများဆောင်းပါးကို (၉-၄-၂၀၁၂)နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုရပါသည်။ ဆရာကြီးသည် ဥပဒေသင်တန်းတက်စဉ်က ကျွန်တော်တို့ဆရာဖြစ်ပါသည်။ ဥပဒေသင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘာသာရပ်တစ်ခုအဖြစ် သင်ကြားခဲ့ရပါသည်။ ရှေ့နေရှေ့ရပ်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလုပ်သောအခါ လက်တွေ့အသုံးချသော ပြစ်မှုဥပဒေများ၊ တရားမဥပဒေများကိုသာ အလေ့အလာများခဲ့ပါသည်။ ဆရာကြီး ပါမောက္ခ ဒေါက်တာတင်အောင်အေး၏ ဆောင်းပါးကို ဖတ်ရှုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်စိတ်ဝင်စားလာခဲ့ပါသည်။ ထို့ကြောင့် ဥပဒေသင်တန်းတက်စဉ်က ကျန်ရှိသော အမှတ်အသားနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို လေ့လာ၍ ကျွန်တော်တို့ပြည်ထောင်စုတွင် အာဏာ(၃)ရပ်ကို မည်သို့ ခွဲဝေကျင့်သုံးသည်နှင့် အချင်းချင်းအပြန်အလှန် မည်သို့ထိန်းကျောင်းသည်တို့ကို တင်ပြသွားမည် ဖြစ်ပါသည်။

**နိုင်ငံတော်အာဏာကိုခွဲဝေကျင့်သုံးရေး**

ပြင်သစ်နိုင်ငံ၏သိပ္ပံပညာရှင် ဗိုဒန် (Bodin) က ၎င်း၏သမ္မတနိုင်ငံ (La Republique) စာအုပ်တွင် နိုင်ငံကိုအုပ်ချုပ်ရာ၌ အာဏာများကို ခွဲဝေပိုင်းခြားထားမှသာ တရားမျှတမှုရှိနိုင်မည်ဟု ရေးသားခဲ့သည်။

၁၇၄၀ ပြည့်နှစ်တွင်တရားဥပဒေများ၏ ဝိညာဉ်ကျမ်း (Spirit of Law)ကို ရေးသားခဲ့သူ မွန်တက်စကျူ (Montesquieu) က ခေတ်သစ်နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအာဏာ(၃)ရပ်ကို ခွဲခြားအုပ်ချုပ်ခြင်းမှာ အမှန်ကန်ဆုံးဖြစ်သည်ဟု ဖော်ထုတ်ခဲ့သည်။ ထို့အပြင် ယင်း၏အဆိုအရ အာဏာ(၃)ရပ်ကိုခွဲခြားရုံသာမက အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းလည်း ပြုသည်ဟုဆိုပေသည်။ မွန်တက်စကျူ၏အယူအဆမှာ ပျံ့နှံ့သွားခဲ့ပြီး နိုင်ငံအသီးသီးတွင် အာဏာခွဲဝေရေးမှုကို တိကျစွာလိုက်နာ၍အခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲခဲ့ကြသည်။

ကျွန်တော်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) တွင်လည်း အာဏာခွဲဝေရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အခြေခံမူများတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်ကို အောက်ပါအတိုင်းတွေ့ရပေသည်-

၁၁(က) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖွာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ပြုသည်။

၁၂(က) နိုင်ငံတော်၏ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်။

၁၇(က) နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းသည်။

၁၈(က) နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်လွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်။

**ဥပဒေပြုရေး**

ဥပဒေပြုခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကို လွှတ်တော်နှစ်ရပ်ဖြစ်သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ဖြင့် ဖွဲ့စည်းကြောင်း ပုဒ်မ ၇၄ တွင်တွေ့ရသည်။

ဥပဒေပြုခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော အောက်ပါပြဋ္ဌာန်းချက်များကို လေ့လာသိရှိအပ်သည်-

**ဥပဒေပြုခြင်း**

၉၅(က) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုလျှင်၊ ယင်းဥပဒေကြမ်းကိုပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

(ခ) ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

၉၆။ ပြည်ထောင်စုလွှတ်တော်သည် ဇယား-၁ တွင် ဖော်ပြထားသော ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

**အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုခြင်း**

၉၈။ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့အပ်နှင်းသည်။

ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သော ဥပဒေပြဋ္ဌာန်းပေးရန်ဖြစ်ကြောင်း ပုဒ်မ ၉၉ တွင် ပြဋ္ဌာန်းထားသည်။

အထက်တွင်ဖော်ပြခဲ့သော ပုဒ်မ ၉၅၊ ၉၆၊ ၉၈၊ ၉၉ တို့သည် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခွင့်အာဏာကို ဖော်ပြခြင်းဖြစ်သည်။ ဆက်လက်၍ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းတို့နှင့်စပ်လျဉ်း၍ လေ့လာလျှင် သမ္မတနှင့်လွှတ်တော်တို့ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းသဘောကို တွေ့နိုင်သည်။

**ဥပဒေကြမ်းတင်သွင်းခြင်း**

ဥပဒေကြမ်းတင်သွင်းခြင်းအပိုင်းတွင် ပုဒ်မ ၁၀၀(ခ)ပါ ဥပဒေကြမ်း(၃) ရပ်မှာ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးခွင့်ရှိသည်။ ယင်း(၃)ရပ်မှအပ ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေးခွင့်ရှိသည်။ ဤခြားနားချက်ကို မှတ်သားရန်ဖြစ်သည်။

ပုဒ်မ ၁၀၀(ခ)အရ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေ(၃)ရပ်မှာ ပြည်ထောင်စုအစိုးရကတင်သွင်းသော (၁)နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ (၂)နှစ်စဉ်အရအသုံးမှန်းခြေငွေစာရင်း၊ (၃)အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းတို့ ဖြစ်ကြသည်။

**ဥပဒေအဖြစ်ထုတ်ပြန်ကြေညာခြင်း**

ပုဒ်မ ၁၀၅(က)တွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ (၁၄)ရက် အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်ဟုလည်းကောင်း၊ ပုဒ်မ ၁၀၅(ခ)တွင် နိုင်ငံတော်သမ္မတသည် သတ်မှတ်ထားသည့်ကာလအတွင်း မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်ဟု လည်းကောင်း၊ ပုဒ်မ ၁၀၅(ဂ)တွင် နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်မထုတ်ပြန်လျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာမည်ဟု ဖော်ပြ ပြဋ္ဌာန်းထားသည်။

ထို့နောက် ပုဒ်မ ၁၀၆(က)တွင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကိုလက်ခံ၍ ဥပဒေကြမ်းကိုပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည် သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုဆုံးဖြတ်နိုင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၁၀၆(ခ)တွင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော သို့မဟုတ် သမ္မတ၏သဘောထားမှတ်ချက်ကို လက်မခံဘဲ မူလအတိုင်း အတည်ပြုသောဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သောအခါ နိုင်ငံတော်သမ္မတသည် ပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရမည်ဟုလည်းကောင်း၊ ပုဒ်မ ၁၀၆(ဂ)တွင် သတ်မှတ်ကာလအတွင်း လက်မှတ်ရေးထိုးခြင်းမပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးဘိသကဲ့သို့ ဥပဒေဖြစ်လာမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ ဥပဒေပြုရေးတွင် ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတော်သမ္မတတို့သည် အပြန်အလှန်ထိန်းကျောင်းခြင်းပြုနိုင်သည်ဟု ဆိုနိုင်သော်လည်း ပုဒ်မ ၁၀၅၊ ၁၀၆ ပါပြဋ္ဌာန်းချက်တို့အရ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုခွင့်အာဏာကို လွတ်လပ်စွာကျင့်သုံးခွင့်ရှိကြောင်း မြင်တွေ့နိုင်ပေသည်။

ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေးကို(၃၁-၁-၂၀၁၁) နေ့တွင် စတင်ခဲ့သည်။ ပြည်ထောင်စုလွှတ်တော်သည် တည်ဆဲဥပဒေများမှ ပယ်ဖျက်သင့်သည်များကို ပယ်ဖျက်၍ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့သည်။ အသစ်ပြဋ္ဌာန်းသင့်သည့်ဥပဒေများကို အသစ်ပြဋ္ဌာန်းခဲ့သည်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများအနက် အောက်ပါဥပဒေများသည် အများစိတ်ဝင်စားသည့်ဥပဒေများဖြစ်သည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ
(၂) မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ
(၃) လယ်ယာမြေဥပဒေ
(၄) အလုပ်သမားဥပဒေ
(၅) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ
(၆) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ
(၇) ရုံးခွန်ဥပဒေ
(၈) တံဆိပ်ခွန်ဥပဒေ

ယင်းဥပဒေများသည် ပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်နှင့်ကိုက်ညီခြင်းရှိ မရှိ၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချောမွေ့ခြင်းရှိ မရှိ မြင်သာရန် အချိန်စောင့်ရပေဦးမည်။ ဥပဒေပြုခွင့်ရှိသော လွှတ်တော်အရပ်ရပ်သည် သက်တမ်းအားဖြင့်နုနယ်သေးသည့်အလျောက် ဥပဒေပြုရာတွင် အခက်အခဲများရှိနိုင်သည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးတွင် အတွေ့အကြုံ မရှိသည့်အလျောက်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သုံးသပ်သည့်အတိုင်း စွမ်းရည်မြင့်မားရေးအတွက် Capicity Building ပြုလုပ်နေရမည် ဖြစ်သည်။

**အုပ်ချုပ်ရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သည် သမ္မတဦးဆောင်အုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးကြောင်း၊ ပုဒ်မ ၅၇ တွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုကြောင်း၊ ပုဒ်မ ၅၈တွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏အထွတ်အထိပ်နေရာရရှိကြောင်း ပြဋ္ဌာန်းထားသည်။

ထို့ပြင် အခန်း(၅)၊ အုပ်ချုပ်ရေးခေါင်းစဉ်အောက် ပုဒ်မ ၁၉၉တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်ကိုလေ့လာအပ်သည်။

၁၉၉(က) နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

(ခ)(၁) နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းသည်။

**နိုင်ငံတော်သမ္မတ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

အုပ်ချုပ်ရေးအာဏာသည် ကျယ်ပြန့်လှသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းခြင်း၊ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း စသည်တို့သည် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများ ဖြစ်သည်။ အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ပုဒ်မ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၂၊ ၂၁၃၊ ၂၁၄၊ ၂၁၅ တို့တွင် ဖော်ပြထားရာ ယေဘုယျအားဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းကိစ္စ၊ ဂုဏ်ထူးဆောင်ဘွဲ့များပေးခြင်းကိစ္စ၊ သံတမန်ဆက်သွယ်ခြင်းကိစ္စ၊ သံတမန်များခန့်အပ်သည့်ကိစ္စ၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ စာချုပ်ချုပ်သည့်ကိစ္စများ ပါဝင်သည်။

**ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ**

ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအာဏာနှင့်ပတ်သက်၍ ပုဒ်မ ၂၁၆၊ ၂၁၇၊ ၂၁၉၊ ၂၂၀၊ ၂၂၁၊ ၂၂၇ ပြဋ္ဌာန်းချက်များသည် အဓိကကျသည်ဟု ဆိုနိုင်သည်။

ပုဒ်မ ၂၁၆ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စများသို့လည်း သက်ရောက်ပျံ့နှံ့သည်ဟုလည်းကောင်း၊ ပုဒ်မ ၂၁၇ တွင် ပြည်ထောင်စု အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်ဟုလည်းကောင်း ဖော်ပြထားသည်။

ထို့ပြင် လိုအပ်သည့် ဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းနိုင်သည်။

အပြန်အလှန်အားဖြင့် ပုဒ်မ ၂၂၈ အရ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စု လွှတ်တော်က အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိ၏အရေးယူဆောင်ရွက်ချက်များကို ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်အစီရင်ခံရသည်။ ထို့ပြင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာ တင်ပြရသည်။

ဤပြဋ္ဌာန်းချက်များသည်ပင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတို့ အပြန်အလှန် ထိန်းကျောင်းခြင်းဖြစ်ပေသည်။

**တရားစီရင်ရေး**

တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြေခံမူများ ပုဒ်မ ၁၉ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရမည်ဖြစ်သည်-

၁၉။ အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည်-

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊
(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊

**တရားရုံးများဖွဲ့စည်းခြင်း**

တရားရုံးများဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၉၃၊ ၂၉၄ပြဋ္ဌာန်းချက်များကို လေ့လာရမည်ဖြစ်သည်။ တရားရုံးများဖွဲ့စည်းပုံသည် အုပ်ချုပ်ရေးဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေရှိစေပြီး စီရင်ပိုင်ခွင့်ဖြင့် အဆင့်ဆင့်သောတရားရုံးများကို ကြီးကြပ်ကွပ်ကဲသည့်သဘောဖြစ်သည်။

၂၉၃။ နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာရုံးများကို အောက်ပါအတိုင်း ဖွဲ့စည်းသည်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၊
(ခ) စစ်ဘက်ဆိုင်ရာတရားရုံးများ၊
(ဂ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဖွဲ့စည်းခြင်း**

နိုင်ငံတော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တစ်ရပ် ထားရှိသည်။ စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး ဖြစ်သည်။

**အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်း**

အာဏာသုံးရပ်ကို ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းမူသဘောကို အထက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဖော်ပြခဲ့ရာ အားမလိုအားမရဖြစ်၍ လက်မခံနိုင်သူများ ရှိကောင်းရှိပေလိမ့်မည်။ အများအားဖြင့် ထိန်းကျောင်းခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း (Supervision)နှင့် ရောထွေးပြောဆိုနေကြသည်ကိုလည်း ကြားသိနေရသည်။ သို့ဖြစ်ရာ ယင်းဝေါဟာရ၏ ရင်းမြစ်ကို အနည်းငယ်ရှင်းပြရန်လိုအပ်သည်။

ထိန်းကျောင်းခြင်း (Checks and balances) ဟူသောဝေါဟာရကို မွန်တက်စကျူးက တီထွင်သုံးစွဲခဲ့ခြင်းဖြစ်သည်။ အုပ်ချုပ်ရေးတွင် တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အာဏာအလွဲသုံးစားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ဖိနှိပ်ချုပ်ချယ်မှုတို့ကို လျော့နည်းစေမည်ဟု မွန်တက်စကျူးက ဆိုသည်။

ခေတ်သစ်နိုင်ငံရေးသီဝရီသည် တရားမျှတမှုကို အခြေခံသည်။ မွန်တက်စကျူးက အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကို ခွဲခြားကျင့်သုံးရမည်ဖြစ်ကြောင်း၊ ယင်းသို့ကျင့်သုံးရာတွင် လွတ်လပ်မှုနှင့် တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ အာဏာတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရာတွင် အကန့်အသတ်ရှိရန်လိုကြောင်း ထောက်ပြခဲ့သည်။

ယင်းသီဝရီအရ အာဏာသုံးရပ်ကို ခွဲဝေတာဝန်ယူရသော ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် လွတ်လပ်မှုနှင့် တာဝန်ခံမှုရှိရမည်ဖြစ်သည်။ အာဏာတစ်ရပ်နှင့် တစ်ရပ်အကြား အခြေခံဥပဒေနှင့်အညီ အကန့်အသတ်ရှိရမည်။ အာဏာတစ်ရပ်က တစ်ရပ်သို့ စွက်ဖက်သည့်သဘော မရှိရ။

ဥပဒေပြုရေးကို တာဝန်ယူရသောအဖွဲ့အစည်းမှာ လွှတ်တော်များဖြစ်သည်။ လွှတ်တော်များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်းဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အာဏာအလွဲသုံးစားပြုလုပ်လာပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုလုပ်နိုင်ပေသည်။ အုပ်ချုပ်ရေးကို တာဝန်ယူသူများမှာ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သမ္မတကခန့်ထားသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များဖြစ်သည်။ ယင်းပုဂ္ဂိုလ်တစ်ဦးသည် အာဏာအလွဲသုံးစားမှုပြုလုပ်လာပါက ၎င်းအား စွပ်စွဲပြစ်တင်၍ ရာထူးမှ ရပ်စဲနိုင်ပေသည်။ တရားစီရင်ရေးတွင် တာဝန်ယူရသူများကိုလည်း အုပ်ချုပ်ရေးအာဏာတွင် အရေးယူသည့်နည်းတူ အရေးယူနိုင်ပေသည်။ လွှတ်တော်ကိုယ်စားလှယ်လည်းမဟုတ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်လည်းမဟုတ်သူ ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းဖြင့် အရေးယူနိုင်ပေသည်။ ထို့ပြင် အာဏာအလွဲသုံးစားမှုတွင် ဥပဒေအရ အရေးယူနိုင်သည့် ကိစ္စရပ်များလည်းရှိနိုင်ပေသည်။

သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာ(၃)ရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ ခွဲဝေကျင့်သုံးခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်းသဘောကို သိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၆-၂၀၁၂ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၀ နံနက်ခင်းသတင်း
- ၇:၄၀ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၄၀ International News
- ၈:၄၅ တေးဂီတအစီအစဉ်

**နေ့လယ်ပိုင်း**

- ၁၁:၀၀ စစ်သည်တေး
- ၁၁:၂၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၂:၅၀ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သော ၂၀၁၀ ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ **တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သရီးရာအလှ**(အပိုင်း-၂)
- ၁၄:၅၀ International News

**ညပိုင်း**

- ၄:၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄:၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်
- ၅:၀၀ **မိုးဒေဝါနှင့် မိုးဒေဝါကို ဖန်တီးကြသူများ** (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)(မြန်မာစာအထူးပြု)(မြန်မာစာ)
- ၆:၀၀ ညနေခင်းသတင်း
- ၆:၂၀ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၄၅)
- ၆:၄၀ တစ်မျက်နှာ၊ တစ်ကွက်စာ **မြွေပွေးကို အလမ္ပာယ်ပြသူများ**
- ၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများတဲ့အချစ်** (အပိုင်း-၁၀)
- ၈:၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ



# ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ် ဒုတိယဝန်ကြီး ဦးဘရွှေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံ၍ ပညာရည်မြင့်မားရေး၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ပညာရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အသစ်ပြန်လည်ပြုပြင်မွမ်းမံထားသော ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဒဂုံတက္ကသိုလ်၌ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလှဌေး၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့် အားကစားဆပ်ကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံပြီး **(အပေါ်ပုံ)** ဒဂုံတက္ကသိုလ်အတွင်းရှိ ဘက်စုံသုံး အားကစားရုံအသစ် တည်ဆောက်နေမှုများ၊ မိုးလုံလေလုံ အားကစားရုံ၊ တက္ကသိုလ်ဘောလုံးကွင်းနှင့် အားကစားလေ့ကျင့်ရေးဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပထဝီဝင်ဌာနမှ ဖွင့်လှစ်ထားသော GIS သင်တန်း အခန်း Centre For Geospatial Tenchnology ၌ သင်တန်းသားများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပညာရေး ရန်ပုံငွေပေးလှူခြင်းနှင့် စာစီစာကုံးပြိုင်ပွဲ (ထက်/လယ်) ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇွန် ၁၃ ရက်က တာမွေမြို့နယ် သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းချုပ်လီမိတက် အတွင်းရေးမှူး ဦးတင်မြင့် အမှာစကားပြောကြားစဉ်။** (၀၄၄)

# မူးယစ်အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၃

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုအသိပညာပေး ဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်း ပညာရေးကောလိပ် ပညာနေခြည်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်ကြူကြူခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အလုပ်အမှုဆောင် ဦးစိန်မြင့် ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း)က ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာများခေါင်းစဉ်ဖြင့် ပညာပေးဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်ထွန်း၊ မြို့နယ်ဒုတိယဥပဒေအရာရှိ ဦးကျော်မင်းထွန်းနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးကျော်ကျော်စိုးတို့က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု ဆိုးကျိုးများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကြသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် ဌာနမှူးများ၊ ဆရာဆရာမများနှင့်တာဝန်ရှိသူတို့က ပြိုင်ပွဲဆုရ ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်းသိရှိရသည်။ **စမ်းစမ်းကြည်**

# နေအိမ်တိုက်တာနှင့် အုတ်ရေကန်များ ရမည်းသင်းတွင် ဘိလပ်မြေအုတ်များဖြင့်ဆောက်လုပ်

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သတင်းထောက်ညွှန့်ရွှေ**

ယခင် ယခင်က နေအိမ်၊ တိုက်တာ၊ အုတ်ကန် စသည်များအား မြေအုတ်တို့ဖြင့် ဆောက်လုပ်ခဲ့ကြရာ မြေဆီလွှာများပျက်စီးခဲ့ခြင်း၊ သစ်တောသစ်ပင်များ ပြုန်းတီးခြင်းတို့ ဖြစ်ပွားခဲ့သည်။ တိုးတက်ပြောင်းလဲနေသောအချိန်တွင် မြေဆီလွှာမပျက်စီးရေးနှင့် ထင်းအစားထိုး သစ်တောသစ်ပင်များ မဆုံးရှုံးစေရေးအတွက် မြေအုတ်များအစား ဘလောက်အုတ် သို့မဟုတ် ဘိလပ်မြေအုတ်များက အစားထိုးဝင်ရောက် နေရာယူနေပြီဖြစ်သည်။

သို့ဖြစ်၍ စာရေးသူသည် ဘလောက်အုတ်လုပ်ငန်းရှိရာ ရမည်းသင်းမြို့ မြောက်ဘက် နှစ်မိုင်ခန့်အကွာ ကျောင်းဖြူကုန်းကျေးရွာအနီးရှိ ဦးကြည်ရွှင်ထံသို့ သွားရောက်လေ့လာမေးမြန်း သတင်းရယူခဲ့သည်။ လုပ်ငန်းရှင် ဦးကြည်ရွှင်က "ဘိလပ်မြေအုတ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်မှာ ရှစ်လခန့်ရှိပြီဖြစ်ကြောင်း၊ မြေဆီလွှာမပျက်စီးရေးနှင့် သစ်တော သစ်ပင်မပြုန်းတီးရေး ရည်ရွယ်ကာ ဘလောက်အုတ် သို့မဟုတ် ဘိလပ်မြေအုတ်ကို ထုတ်လုပ်ရခြင်းဖြစ်ကြောင်း၊ အလျား ၁၂ လက်မ၊ အနံ ၆ လက်မ၊ အမြင့် ၄ လက်မရှိ အကြီးစား အုတ်မျိုးအား သဲကြမ်း၊ ဘိလပ်မြေ၊ ထုံးစသည်တို့ကို အချိုးကျရောစပ်ကာ အုတ်ခွက်ထဲ ထည့်ရိုက်ရကြောင်း၊ တစ်ခဲ ကို ငွေကျပ် ၁၈၀ ရရှိပြီး အလျား ၉ လက်မ၊ အနံ ၄ လက်မ၊ အမြင့် ၃ လက်မရှိ အသေးခဲကို သဲကြမ်း၊ ထုံး၊ ဘိလပ်မြေများ အချိုးကျရောစပ်ပြီး အုတ်ခွက်ထဲ ထည့်ရိုက်ရပြီး တစ်ခဲကို ငွေကျပ် ၁၆၀ ဖြင့် ရောင်းရကြောင်း" ပြောကြားခဲ့သည်။



**ရမည်းသင်းမြို့နယ် ကျောင်းဖြူကုန်းကျေးရွာ၌ ဦးကြည်ရွှင်၏ ဘိလပ်မြေအုတ်ဖြင့်ဆောက်လုပ်ထားသော တစ်ထပ်တိုက်နှင့် ဘလောက်အုတ်များ ထုတ်လုပ်ထားပုံကို တွေ့ရစဉ်။**

သို့ဖြင့် ပိုင်ရှင်ဦးကြည်ရွှင်က ၎င်း၏တိုက်နောက်ဘက်ရှိ တစ်ထပ်တိုက်ကို ဘိလပ်မြေအကြီးအုတ်ဖြင့် ဆောက်လုပ်ခဲ့ရာ အခဲ ၂၀၀၀ ခန့်သာကုန်ကျခဲ့ကြောင်း၊ တစ်ထပ်တိုက်ကို မြေအုတ်ဖြင့် ဆောက်လုပ်မည်ဆိုပါက အကုန်အကျများကြောင်း ရှင်းပြသည်။

ယခုအခါ အဆောက်အအုံများနှင့် နေအိမ်များ ဆောက်လုပ်ရာတွင် မြေအုတ်အစား ဘိလပ်မြေအုတ်များသုံးစွဲလာသူ ပိုမိုများပြားလာသဖြင့် မြေဆီလွှာမပျက်စီးရန်နှင့် သစ်တောသစ်ပင်မပြုန်းတီးရေးတို့အတွက် များစွာ အထောက်အကူပြုလျက် ရှိကြောင်း သိရှိရသည်။ ။

# စာပေဗိမာန်စာမူဆု(၂၀၁၁) စာမူပြိုင်ပွဲအတွက် ဘာသာပြန်စာမူပြဌာန်း

ရန်ကုန် ဇွန် ၂၃

၂၀၁၁ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးနောက် ဘာသာပြန်စာမူဆုအတွက် Dr. Ranita Nagar ရေးသားသည့် Disaster Management စာအုပ်ပါ အခန်းသုံးခန်းကို ထုတ်နုတ်၍ ပြဌာန်းလိုက်သည်။ အဆိုပါ စာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉/ ၅၃၁ စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုး ၂၅၅ ကျပ်ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

**ဝယ်ယူနိုင်**

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး စည်းကမ်းချက်များကို စာပေဗိမာန်တွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် စာအုပ်တန်ဖိုး အပါအဝင် စုစုပေါင်း ငွေကျပ် ၈၀၀ ကို ငွေပို့လွှာဖြင့် အတွင်းရေးမှူး၊ စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၁-၃၇၆၅၆၉၊ ၀၁-၃၈၁၄၄၉ တို့သို့ လိပ်မူ၍ မှာယူနိုင်သည်။

**ယှဉ်ပြိုင်နိုင်**

ဘာသာပြန်စာမူကို ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ဇွန် ၁၁ ရက်က ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်အတွက် တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းနှင့် ဝန်ထမ်းသားသမီး ၁၈ ဦးတို့အား မြို့နယ်ရုံးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ငွေကျပ်နှစ်သိန်း ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။** (မြို့နယ် ထွေ/အုပ်)



## မြန်မာ့အလင်း စာအုပ်စင်ကလျှာ ၂၄-၆-၂၀၁၂

**ကိုလင်း စုစည်းသည်**

# ဗုဒ္ဓအဘိဓမ္မာမဟာနိဒါန်းစာအုပ် ထုတ်ဝေဖြန့်ချိ



စာရေးဆရာ ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)ရေးသားသော ဗုဒ္ဓအဘိဓမ္မာမဟာနိဒါန်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက အကြောင်း၊ ၃၁ ဘုံ၌ သတ္တဝါတို့ ဖြစ်တည်နေပုံအကြောင်း၊ ထို ၃၁ ဘုံလောကမှ လွတ်မြောက်ပုံအကြောင်းတို့ကို ပြဆိုထားသည်။ သင်္ခါရလောကအကြောင်းများသာမက ရုပ်၊နာမ်၊ ဓမ္မသင်္ခါရ လောကတို့ ဖြစ်ပုံ၊ ပျက်ပုံ စုံလင်အောင် ဖော်ပြထားသည်။ အဘိဓမ္မာ၊ ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကနှင့် လောကသုံးပါးမှ လွတ်မြောက်ခန်းဟူ၍ အခန်း ၅ ခန်းခွဲ၍ ရေးသားထားသည်။ ကမ္ဘာကြီးပျက်စီးပုံနှင့်တည်ပုံ၊ အပါယ်ဘုံသား သတ္တဝါများအကြောင်း၊ နတ်ပြည်ခြောက်ထပ်ရှိ နတ်၊ ဗြဟ္မာများအကြောင်း၊ မဂ္ဂင်ရှစ်ပါး၊ နိဗ္ဗာန်အကြောင်းစသဖြင့် ဗုဒ္ဓအဘိဓမ္မာနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားသည်။

စာအုပ်ကို အလင်းသစ်စာပေ အမှတ် ၁၇ အခန်း (၆၀၁) ၅၂ လမ်း (အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ထိပ်တန်းသဘောထား စာအုပ်ထုတ်ဝေဖြန့်ချိ




စာရေးဆရာ ဦးတင်ဦး (ကျူရှင်) ရေးသားသည့် ထိပ်တန်းသဘောထားစာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

စာရေးသူက စာအုပ်တွင် ထိပ်တန်းသဘောထား စာအုပ်သည် သင့်ကိုဖြစ်စေ၊ သင်၏ အစုအဖွဲ့ကို ဖြစ်စေ အောင်မြင်မှုရစေရန် မှန်ကန်သော စိတ်သဘောထားမျိုး ရှိလာအောင်ပြုလုပ်ပေးနိုင်သည့်အကြောင်းအရာများ ပါဝင်ကြောင်း ဖော်ပြထားသည်။ စာရေးသူက စာအုပ်ကို စိတ်သဘောထားက ခေါင်းဆောင်မှုကို ဘယ်ပုံအကျိုးသက်ရောက်သနည်း၊ စိတ်သဘောထားက တစ်ဦးချင်းအပေါ် ဘယ်ပုံအကျိုးသက်ရောက်သနည်း၊ စိတ်သဘောထားကို ပြောင်းလို့ရသလား၊ ရှုံးနိမ့်မှုဆိုတာဘာလဲ၊ အောင်မြင်မှုဆိုတာဘာလဲ စသည့်စာစုများဖြင့် ဖွဲ့စည်းထားသည်။

စာအုပ်ကို Wisdom House အခန်းအမှတ်(၁၀၁)၊ တိုက် ၁၁၉၁၊ ၁၁၉၂၊ လက်ဝဲမင်းဒင်လမ်း မေတ္တာမွန်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၅၀၃၆၊ ၀၉-၅၀၅၈၅၃၃ မှ ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

# နိုင်ဇော်၏ နှလုံးသားမီးအိမ်စာအုပ် ထုတ်ဝေဖြန့်ချိ



ကမ္ဘာ့ကျန်းမာရေး ဝန်ထမ်း ထူးချွန်ဆု (WHO-Global Health Alliance Award) ကို ရရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုဂုဏ်ပုဒ်ကို ထင်ရှားစေခဲ့သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်းကျေးလက်ကျန်းမာရေးဌာန၊ လွယ်စတုံ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦး၏ ဘဝဖြစ်ရပ်မှန်ပေါ်တွင် အခြေပြုရေးသားထားသော စာအုပ်ဖြစ်သည်။

ငယ်စဉ်မှစ၍ ကိုယ်ရည်ကိုယ်သွေးကောင်းအောင် တည်ဆောက်ခဲ့သူ၊ သင်တန်းသူဘဝတွင် သားဖွားပညာကို အသက်မွေးဝမ်းကျောင်းပညာရပ် (Profession) အဖြစ်ခံယူချက်ကောင်းစွာ ဆည်းပူးခဲ့သူ၊ ဝန်ထမ်းဘဝတွင် လူများစွာတို့၏ ကျန်းမာရေးကို စောင့်ရှောက်ရင်း သူကိုယ်တိုင် သေမင်းတံခါးဝမှ သီသီကလေး ပြန်လာခဲ့ရဖူးသူ၊ သူ၏ဘဝသည် ထင်းရှူးတောင်၊ ရွှေညောင်ပင်၊ အင်းလေးဒေသနှင့် ရွှေတြိဂံနယ်မြေတို့၏ ပုံရိပ်များအားလုံး ပီပြင်ထင်ရှား လှုပ်ရှားသက်ဝင်နေခဲ့သည်။ အထူးသဖြင့် အင်းလေးဒေသ ကာလဝမ်းရောဂါ ကပ်ဘေးဆိုးကို ကျော်ဖြတ်ခဲ့ကြပုံနှင့် တာလေသဘာဝဘေးအန္တရာယ် မြေငလျင်ဒဏ်ကိုခံစားရသူများအား စောင့်ရှောက်ဖေးမခဲ့ပုံများမှာ ထူးခြားပြီး မှတ်တမ်းတင်ထိုက်သည်။ မြန်မာစာပေလောကအတွက် လက်ရာမွန် လူမှုရေးသရုပ်မှန် ဇာတ်လမ်းရှည်တစ်ပုဒ်ကို အနီးကပ်ခံစားခွင့်ရခဲ့သည်။ မြန်မာတစ်နိုင်ငံလုံးရှိ ကျန်းမာရေးစောင့်ရှောက်မှုများကို တစ်စိတ်တစ်ဒေသအားဖြင့် ကိုယ်စားပြုထားသည့် သင်္ကေတလည်းဖြစ်သည်။

**ပညာမြင့်မှ လူမျိုးတင့်မည်**

# အရည်အသွေးနှင့်အရေအတွက် တိုးတက်ကောင်းမွန်သောကုန်ပစ္စည်းများထုတ်လုပ် ဌာနကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်



**နေပြည်တော် ဇွန် ၂၃**

ဌာနပိုင် စက်ရုံ၊ အလုပ်ရုံ၊ ဂိုဒေါင်နှင့် စိုက်ပျိုးရေးခြံများကို နှစ်တို၊ နှစ်ရှည်စနစ်ဖြင့် ငှားရမ်းထားသော ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေးပွဲကို ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးဆောင်ခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းသန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဌာနပိုင်စက်ရုံ၊ အလုပ်ရုံ၊ ဂိုဒေါင်နှင့် စိုက်ပျိုးရေးခြံများကို ငှားရမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ငှားရမ်းပြီးစက်ရုံပေါင်း ၂၀ ကျော်နှင့် သိုလှောင်ရုံပေါင်း ၃၀ ခန့်ရှိကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီ/ အဖွဲ့အစည်းများသည် လုပ်ငန်းအတွေ့အကြုံရှိကြ၍ ငှားရမ်းအသုံးပြုနေသော စက်များကို အဆင့်မြှင့်တင်ပြီး အရည်အသွေးပိုင်း၊ အရေအတွက်ပိုင်းပါ ကောင်းမွန်သော ကုန်ပစ္စည်းများထုတ်လုပ်၍ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်စေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ဖြေရှင်းကူညီပေးနိုင်ရန် ညှိနှိုင်းစည်းဝေးပွဲကို ကျင်းပဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးဦးခင်ဇော်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်သမ္မတ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လမ်းညွှန်ချက်များအရ နိုင်ငံပိုင်အခန်းကဏ္ဍကို လျှော့ချပြီး ပုဂ္ဂလိက ကဏ္ဍ (Privatization)ကို မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိနိုင်ငံ အကျိုးစီးပွား၊ မိမိ၏အကျိုးစီးပွားအတွက် စက်ရုံအလုပ်ရုံများဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးကြရန်၊ ဌာနကလည်း လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဆွေးနွေးပြောကြားသည်။

ထို့နောက် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်တို့က မိမိတို့ဌာနအလိုက် ငှားရမ်းဆောင်ရွက်ထားရှိသည့် လုပ်ငန်းများမှ အကောင်အထည်ဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသောကုမ္ပဏီနှင့်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များက စက်ရုံများ အဆင့်မြှင့်တင်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ကုန်ကြမ်းပစ္စည်းရရှိရေးဆိုင်ရာများ၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်များကို ဆွေးနွေးကြသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ငှားရမ်းဆောင်ရွက်နေကြသောကုမ္ပဏီများ၊ လုပ်ငန်းရှင်များကတင်ပြသော အချက်အလက်များကို သက်ဆိုင်ရာ ဌာနများနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စက်ရုံ၊ အလုပ်ရုံများ၊စိုက်ကွင်းများ ဖွံ့ဖြိုးတိုးတက်ပါက နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်သည့်အတွက် လိုအပ်ချက်များကို ညှိနှိုင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထားဝယ်ခရိုင်၌ မွေးမြူရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**နေပြည်တော် ဇွန် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ခရိုင်မွေးမြူရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပရာ ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ခင်မောင်က မွေးမြူရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားကာ ခရိုင်ဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက မွေးမြူရေးလုပ်ငန်းဆိုင်ရာအသင်းဝင်များ၏ အရည်အချင်း သတ်မှတ်ချက်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များအကြောင်း ရှင်းလင်းတင်ပြသည်။

**ပြောကြား**

ထို့နောက် ထားဝယ်ခရိုင်မွေးမြူရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းကာ အသင်းဝင်များက ရွေးချယ်တင်မြှောက်သော အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ ဦးအား အတည်ပြုပြီး ရွေးချယ်တင်မြှောက်ခြင်းခံရသော ထားဝယ်ခရိုင်မွေးမြူရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်နီက အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း မှော်ဘီမြို့နယ် ဝါးနက်ချောင်း၌ဆောင်ရွက်ပေး

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းတိုက်နယ် ကျန်းမာရေးဌာနတွင် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည်အခမ်းအနားကို ဇွန် ၂၀ ရက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်ငြိမ်းတို့က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ကျေးရွာကျန်းမာရေးကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက တက်ရောက်လာသော ကျေးရွာမှ သက်ကြီးရွယ်အို ၂၂၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**



**အမှတ် ၂၀၁/၃ (ပ-ထပ်) ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်နေ ဦးမျိုးမြင့်၊ ဦးဝင်းတင်လတ်-ဒေါ်ဆွေဆွေမြင့် မိသားစု၊ ဒေါ်ခင်ညွန့်ဆွေနှင့် မောင်နှမတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်ပြီးစီးပြီဖြစ်သော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံယူစဉ်။** (မြန်မာ့အလင်း)



# ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် စင်ကာပူလုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာတွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၂၃**

ကုန်သည်/စက်မှုအသင်းချုပ်နှင့် စင်ကာပူနိုင်ငံ၊ Singapore Business Federation (SBF) တို့ ပူးပေါင်း၍ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၄ ရက်ညနေ ၃ နာရီက အသင်းချုပ်ရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ကုန်သည်/ စက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်လွင်၊ ဦးထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်ကြသော ဦးအေးလွင်၊ ဦးမြင့်ဇော်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသောတာဝန်ရှိသူများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် ၁၇၀၊ စင်ကာပူနိုင်ငံ Singapore Business Federation (SBF) မှ အမှုဆောင်အရာရှိချုပ် Mr.Hoi Meng Kit ဦးဆောင်၍ အဖွဲ့ဝင် ၁၂၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကုန်သည်/ စက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ SBF မှ CEO Mr. Ho Meng Kit တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် Southeast Asia, IE Singapore မှ Divisional Director, Ms.Seah Bee Leng မှ Singapore-Myanmar Economic Relations ခေါင်းစဉ်ဖြင့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များအား မိတ်ဆက်ခြင်းနှင့် Ms. Cheah Sweegin, Director of Kelvin China Partnership မှ Doing Business in Myanmar ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲတွင် Singapore Business Federation (SBF) မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကုန်သွယ်ရေကြောင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ သတင်းနှင့်နည်းပညာဆိုင်ရာလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ဆီနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ ဓာတုဗေဒ ထုတ်ကုန်ပစ္စည်းလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ အာမခံလုပ်ငန်း၊ ကားနှင့်စက်ပစ္စည်းလုပ်ငန်း၊ ဆိပ်ကမ်းလုပ်ငန်း၊ ပညာရေးဆိုင်ရာလုပ်ငန်း၊ သစ်လုပ်ငန်း၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ၊ လမ်းတံတားဆိုင်ရာ အကြီးစားဆောက်လုပ်ရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ၊ အကျိုးဆောင်လုပ်ငန်း၊ မိုဘိုင်းလ်ဖုန်း လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို သတ်မှတ်ထားသောလုပ်ငန်း အုပ်စုများအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

# ထန်းတပင်ရှိကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်း

**ထန်းတပင် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပရွတ်ကျေးရွာရှိ နေဝန်းသစ်စာကြည့်တိုက်သို့ စာအုပ်စာစောင်လှူဒါန်းပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် စာကြည့်တိုက်အတွက် နိုင်ငံတော်မှပံ့ပိုးငွေကျပ် ၁၀ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌကလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းကလှူဒါန်းသည့် မဂ္ဂဇင်း၊ ဂျာနယ်အုပ် ၁၀၀ကို မြို့နယ်ဦးစီးမှူးကလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးတင်သန်းက လက်ခံယူခဲ့သည်။ အဆိုပါ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်ဆည် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်လတ်နှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၃) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ဟံမြင့်မိုရ် ကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးကြသည်။ ထိုသို့ ဆောင်ရွက်နေခြင်းကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်းနှင့် ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းအောင်တို့ လာရောက်ကြည့်ရှုပြီး လက်ထောက်ညွှန်ကြားရေးမှူးက နိုင်ငံသားဆိုင်ရာ လုပ်ငန်းများရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်က အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၄၀၈)**



ပညာမြင့်မှ လူမျိုးတင့်မည်

# မိုးရာသီ သစ်ပင်စိုက်ပွဲ ဝမ်းတွင်း၌ ကျင်းပ

**ဝမ်းတွင်း ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဲတော-ရိုးစုံကျေးလက်လမ်းနှင့်ခရိုင်ချင်းဆက်လမ်းတွင် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇွန် ၉ ရက် နံနက် ၈ နာရီက ကျင်းပရာ မိတ္ထီလာခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်း၊ ဝမ်းတွင်းမြို့နယ်သစ်တော ဦးစီးဌာနမှူး ဦးစိုးဝင်းနိုင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းတင်တို့က ပျိုးပင်များပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများကကျွန်းပင်၆၀၀၊ယူကလစ်ပင် ၆၀၀ စုစုပေါင်းအပင်၁၂၀၀ကိုစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)** **(၄၁၄)**

# ပန်းတောင်းမြို့နယ်တွင် ရေနံထွက်ရှိမှု စမ်းသပ်ရှာဖွေ

**ပန်းတောင်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် တောင်ဘို့ကြီးအုပ်စု မှန်ကုန်းကျေးရွာ၏မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ ဖန်ခါးပင်ကြိုးဝိုင်းအနီး ရေနံမြောင်ဟုခေါ်သောနေရာ၌ ရေနံထွက်ရှိနိုင်သည်ဟုဆိုကာ ပုဂ္ဂလိက ရေနံရှာဖွေရေးအဖွဲ့များက ရေနံထွက်ရှိမှုကိုစမ်းသပ်ရှာဖွေတူးဖော်လျက်ရှိပြီး **(အောက်ပုံ)** လက်ရှိအနေအထားအရ သဘာဝဓာတ်ငွေ့အနည်းငယ်နှင့် ဗျစ်ရည်အဆင့်ရှိသော ရေနံများအနည်းငယ်သာ တွေ့ရှိရသေးကြောင်း သိရှိရသည်။ **(၁၇၀)**



မောင်မောင်မြင့်ဆွေ – စုစည်းသည်



# အေတီပီ၊ ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ တင်းနစ်မယ်ပက်စ်ဇက် နောက်ဆုံးဗိုလ်လုပွဲတက်ရောက်

လန်ဒန် ဇွန် ၂၃

**အင်္ဂလန်နိုင်ငံ အိစ်ဘွန်းမြို့၌ကျင်းပလျက်ရှိသည့် အေတီပီ၊ ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲကို ဇွန် ၂၃ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းအကြိုဗိုလ်လုပွဲ၌ ဩစတြီးယားတင်းနစ်မယ်ပက်စ်ဇက်က ပြင်သစ်တင်းနစ်မယ်ဘာတိုလီအား အနိုင်ရရှိပြီးနောက်ဆုံးဗိုလ်လုပွဲတက်ရောက်သွားခဲ့ပြီဖြစ်သည်။**

ပက်စ်ဇက် **(အပေါ်ပုံ)** သည် ဘာတိုလီအား ၄-၆၊ ၇-၅၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ နောက်ထပ် အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲအဖြစ် ဂျာမနီတင်းနစ်မယ် ခါဘာက ချက်တင်းနစ်မယ် ဇာကိုပါလိုဗာအား ၇-၅၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

တစ်ဖန် အမျိုးသားတစ်ဦးချင်း အကြိုဗိုလ်လုပွဲအဖြစ် အမေရိကန်တင်းနစ်သမားအင်ဒီရော့ဒစ်နှင့်ဘယ်လ်ဂျီယံတင်းနစ်သမားစတိဗ်ဒါစစ်တို့ ယှဉ်ပြိုင်ကစားရာ စတိဗ်ဒါစစ်က ဆက်လက်မပြိုင်နိုင်တော့သဖြင့် အင်ဒီရော့ဒစ်က ၆-၃၊ ၆-၁ ဖြင့်နိုင်ပွဲရရှိခဲ့သည်။ အင်ဒီရော့ဒစ်သည်ကွာတားဖိုင်နယ်ပွဲစဉ်၌ အီတလီတင်းနစ်သမား ဖာဘီလိုဖို့နီနီအား ၆-၃၊ ၃-၆၊ ၇-၅ ဖြင့် နိုင်ပွဲရရှိပြီး ယခုအခါ ဗိုလ်လုပွဲတက်ရောက်လာခဲ့သူဖြစ်သည်။ အမျိုးသား တစ်ဦးချင်း အကြိုဗိုလ်လုပွဲ နောက်တစ်ပွဲအဖြစ် အီတလီတင်းနစ်သမား အင်ဒရက်စ်ဆက်ပီနှင့် အမေရိကန်တင်းနစ်သမား ဟာရစ်ဆင်တို့ယှဉ်ပြိုင်ကစားရာ ဆက်ပီက ၇-၅၊ ၆-၁ ဖြင့်နိုင်ပွဲရရှိပြီး နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲအဖြစ် ဩစတြီးယား တင်းနစ်မယ် ပက်စ်ဇက်နှင့်ဂျာမနီတင်းနစ်မယ် ခါဘာတို့ ဇွန် ၂၅ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ထို့အတူ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် အင်ဒီရော့ဒစ်နှင့် အင်ဒရက်စ်ဆက်ပီတို့ ယင်းနေ့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(အင်တာနက်)**

# ဘီအမ်ဒဗလျူနိုင်ငံတကာဂေါက်ရိုက်ပြိုင်ပွဲ ဂျီဟိုးလ်က ထိပ်ဆုံးမှဦးဆောင်နေ



*ဘာလင် ဇွန် ၂၃*

*ဂျာမနီနိုင်ငံ ကိုလုန်းမြို့တွင် ကျင်းပလျက်ရှိသော ဘီအမ်ဒဗလျူ နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၃ ရက်ကဆက်လက်ကျင်းပရာ ဆွီဒင်ဂေါက်သီးရိုက်သမား ဂျိုးလ်အက်စ်ဂျီဟိုးလ်က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၃ ချက်ဖြင့် ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။*

*အက်စ်ဂျီဟိုးလ် **(ယာပုံ)**သည် ပထမနေ့၌ ၆၇ ချက်ရိုက်ခဲ့ပြီး ဒုတိယနေ့တွင် ၆၆ ချက်ရိုက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ပါရာဂွေးဂေါက်သီးရိုက်သမား ခရစ်ဝုဒ်က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၅ ချက်နှင့် ဖာဘရီဇိုင်အိုဇာနေ့ဘီကလည်း နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၅ချက်ဖြင့် ဒုတိယနေရာ၌ ပူးတွဲရပ်တည်နေသည်။*

*တစ်ဖန် ဒိန်းမတ်ဂေါက်သီးရိုက်သမား သောမတ်စ်နေ့ဘရက်က နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၆ ချက်နှင့် အိန္ဒိယမှကာပူးရာကလည်း နှစ်ရက်ပေါင်းရိုက်ချက် ၁၃၆ ချက်ဖြင့် တတိယနေရာ၌ရှိနေကြသည်။ ထို့အတူ နယ်သာလန်ဂေါက်သီးရိုက်သမား ဂျို့လူတန်၊ ဆွီဒင်ဂေါက်သီးရိုက်သမား နက်လက်စ်ဖစ်၊ တောင်အာဖရိကမှ ဖရစ်တီလီ၊ ဆွီဒင်မှဖလိုရင်တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၇ ချက်စီဖြင့် စတုတ္ထနေရာ၌ရှိနေကြသည်။ နယူးဇီလန်မှ မိုက်ကယ်ကမ်ဘဲလ်၊ စပိန်မှ ဂါစီရာ၊ ဩစတြေးလျမှ မာကပ်စ်ဖရက်ဆာ၊ တောင်အာဖရိကမှ ရစ်ချက်စတိန်းနှင့် ဆွီဒင်မှစတန်ဆင်တို့က နှစ်ရက်ပေါင်း ၁၃၈ ချက်ဖြင့် ပဉ္စမနေရာ၌ ရှိနေကြသည်။* ***(အင်တာနက်)***

# ယူ-၂၀ ကမ္ဘာ့ဖလားပွဲအတွက်—— ဂါနာအသင်း ဘောလုံးသမားများရွေးချယ်





အက်ရာ ဇွန် ၂၃

**တူရကီနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမယ့် အသက် ၂၀ အောက် လူငယ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဂါနာအသင်းက ဘောလုံးသမား ၂၃ ဦးကို ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ဇွန် ၂၃ ရက်မှာ သတင်းထုတ်ပြန်လိုက်ပါတယ်။**

အဲဒီဘောလုံးသမားတွေဟာ အာဖရိကလူငယ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲအတွက်လည်း တစ်ခါတည်းရွေးချယ်ထားတာဖြစ်ပြီး အခုဆိုရင် ဂါနာနိုင်ငံ အက်ရာမြို့မှာ စခန်းသွင်းလေ့ကျင့်တော့မှာဖြစ်ပါတယ်။ ခြေစမ်းပွဲတွေအဖြစ် လာမယ့်ဇူလိုင်လမှာ အီဂျစ်အသင်းနဲ့ ယုဂန္ဓာအသင်းတွေကို ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။

အာဖရိကလူငယ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကတော့ ၂၀၁၃ ခုနှစ် မတ်လမှာ အယ်လ်ဂျီးရီးယားနိုင်ငံမှာ ကျင်းပမှာဖြစ်ပြီး အသက် ၂၀ အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ တူရကီနိုင်ငံမှာ ၂၀၁၃ ခုနှစ် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ကျင်းပမှာဖြစ်ပါတယ်။

ရွေးချယ်ထားတဲ့ဂါနာဘောလုံးသမားတွေကတော့ **ဂိုး**-တာကို၊ ဆိုင်မိုက်ကယ်၊ ဖီလစ်အင်နန်၊ ဝီရီဒူတို့ဖြစ်ပြီး **နောက်တန်း**-ရစ်မွန်ကတ်၊ ရက်မန်း၊ အမာတေ၊ လောရင့်လာတေ၊ မင်ဆို၊ ကက်ဆမ်အဒမ်၊ အီဘရာဟင်တို့ဖြစ်ပါတယ်။ **ကွင်းလယ်**-အဘူဘာကာ၊ ဆာလီပူ၊ ဆက်တေး၊ ဆာဖိုဂမ်ဖီ၊ အိုဝူဆူ၊ ပရင့်ဘက်ဖိုးတို့ဖြစ်ပြီး **ရှေ့တန်း**- ဂျာကေ့ဘ်၊ ဆာလီပူ၊ နာဆီ ရှုမိုဟာမက်၊ ဘင်ဂျမင်၊ အက်ရှီတီအမ်မြူရယ်ဂရမ်ဖီတို့ပဲဖြစ်ပါတယ်။ **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်

# ဂျာမနီက ဂရိကို လေးဂိုး-နှစ်ဂိုးဖြင့်နိုင်၊ အကြိုဗိုလ်လုပွဲသို့တက်ရောက်



ဂဒံစ် ဇွန် ၂၃

ယူရို ၂၀၁၂ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၂၃ ရက်နံနက်က ပိုလန်နိုင်ငံ၌ ဆက်လက်ကျင်းပခဲ့ရာ နာမည်ကြီး ဂျာမနီအသင်းက ဂရိအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဂျာမနီအသင်းသည် အသင်းခေါင်းဆောင်ဖီးလစ်လမ်းအဖွင့်ဂိုးမသွင်းမီ အပိုင်ဂိုးပေါက်ကန်သွင်းခွင့်များကို ဖြုန်းတီးပစ်ခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် ဖီးလစ်လမ်းက ဂျာမနီအသင်းအတွက် ဖွေဆော်ဦးဂိုးသွင်းယူပေးခဲ့သည်။ (ဝဲပုံ)

ဂရိအသင်းသည် ဆဲလ်တစ်တိုက်စစ်မှူး ဆာမာရပ်စ်က ဂရိအသင်းအတွက် ပွဲချိန် ၅၅ မိနစ်တွင် ချေပဂိုးသွင်းယူပြီးနောက် ဂရိက ဂျာမနီကို တန်ပြန်တိုက်စစ်ကစားကာခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ သို့သော်ဂျာမနီကစားသမားများက ပြန်လည်ခြိမ်းခြောက်ကစားခဲ့သည်။ ဂျာမနီအသင်းအတွက် ခီဒီယာနှင့် ကလိုဆေးတို့က ဆက်တိုက်ဂိုးများသွင်းယူခဲ့သဖြင့် ဂရိတို့တိုက်စစ်မှ ခံစစ်ပြောင်းကစားခဲ့ရသည်။ဂျာမနီအသင်းအတွက် မားတို့စ်ရီယပ်စ်က စတုတ္ထမြောက်ဂိုးမသွင်းယူမီ ဆယ်ပင်ဂျီဒစ်က ပယ်နယ်တီမှတစ်ဆင့် ဂရိအသင်းအတွက် ဒုတိယဂိုးသွင်းယူပေးခဲ့သည်။

ဂျာမနီအသင်းသည် လာမည့် ဇွန် ၂၈ ရက်တွင် ဝါဆောမြို့၌ အင်္ဂလန် သို့မဟုတ် အီတလီအသင်းနှင့် အကြိုဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ ဂျာမနီနည်းပြ ဂျိုးအာချင်လိုက အကြိုဗိုလ်လုပွဲတွင် သူ၏အဓိကကစားသမားများဖြစ်ကြသည့် မာရီယိုဂိုမက်ဇ်၊ သောမတ်စ်မူလာနှင့် ပိုဒေါစကီးတို့ကို ဆက်လက် ပွဲထုတ်ကစားမည်ဖြစ်ရာ ဥရောပချန်ပီယံပြိုင်ပွဲတွင် ဆုဖလားဆွတ်ခူးရန် ရေပန်းအစားဆုံး အသင်းဖြစ်လာသည်။ **(အင်တာနက်)**

# အင်္ဂလန်အသင်းနှင့်အတူ ပွဲ ၁၀၀ ပြည့်ကစားရန် နောက်တန်းကစားသမား အက်ရှ်လေကိုးလ်မျှော်လင့်

*လန်ဒန် ဇွန် ၂၃*

*ချယ်လ်ဆီးနောက်တန်းကစားသမားအက်ရှ်လေကိုးလ်က သူ့အနေဖြင့်ယူရို ၂၀၁၂ ဗိုလ်လုပွဲတွင် အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၁၀၀ မြောက်အဖြစ် ပါဝင်ကစားရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။*

*အသက် ၃၁ နှစ်အရွယ်ရှိ အင်္ဂလန်ဝဲနောက်တန်းကစားသမားအက်ရှ်လေကိုးလ်သည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အင်္ဂလန်အသင်း၏ အဓိကပွဲကြီးတိုင်းတွင် ပါဝင်ကစားပေးခဲ့သည်။ သို့သော် အင်္ဂလန်အသင်းသည် ကွာတားဖိုင်နယ်မှကျော်လွှေမရှိခဲ့ပေ။*

*အက်ရှ်လေကိုးလ်သည် အင်္ဂလန်အသင်းအတွက် ၉၇ ပွဲ ပါဝင်ကစားခဲ့ပြီးဖြစ်သည်။ အင်္ဂလန်အသင်းသည် ဗိုလ်လုပွဲသို့တက်ရောက်နိုင်မည်ဆိုပါက အက်ရှ်လေကိုးလ်အနေဖြင့် အင်္ဂလန်အသင်းနှင့်အတူ ပွဲပေါင်း ၁၀၀ မြောက်အဖြစ် ပါဝင်ကစားခွင့်ရရှိမည်ဖြစ်သည်။*

***ကစားခွင့်ရခဲ့***

*ကိုးလ်သည် အင်္ဂလန်အသင်းနောက်တန်းတွင် ခံစစ်လုံသော နောက်တန်းကစားသမားကောင်းတစ်ဦးဖြစ်သည်။ အင်္ဂလန်အသင်းသည် ယူရို ၂၀၀၄ တွင် ပေါ်တူဂီအသင်းကို ပယ်နယ်တီဖြင့် ရှုံးပြီးထွက်ခဲ့ရသည်။ ၂၀၀၂ ခုနှစ်နှင့်၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင်လည်း အင်္ဂလန်အသင်းသည် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည်။ ယခု ယူရို ၂၀၁၂ ပြိုင်ပွဲသည် အက်ရှ်လေကိုးလ်အတွက် စတုတ္ထအကြိမ်မြောက် အင်္ဂလန်အသင်းနှင့်အတူ ကွာတားဖိုင်နယ်ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။*

*အက်ရှ်လေကိုးလ်သည် ယခုနှစ် ယူရို ၂၀၁၂ ပြိုင်ပွဲ အုပ်စုပြိုင်ပွဲများတွင် အင်္ဂလန်အသင်း၏ ခံစစ်ကိုအကောင်းဆုံးဖြစ်အောင် ကစားပေးနိုင်ခဲ့သူဖြစ်သည်။* ***(အင်တာနက်)***



အင်္ဂလန် နောက်တန်းကစားသမား အက်ရှ်လေကိုးလ်။



မန်ယူက ခေါ်ယူလိုက်သည့် ဂျပန်ကွင်းလယ်ကစားသမားလေး ရှင်ဂျီကာဂါဝါ

# ဂျပန်ကွင်းလယ်ကစားသမားကာဂါဝါ မန်ယူက လေးနှစ်စာချုပ်ဖြင့်ခေါ်ယူ

လန်ဒန် ဇွန် ၂၃

ဂျပန်ကွင်းလယ်ကစားသမားလေး ရှင်ဂျီကာဂါဝါအား မန်ယူက ဒေ့ါမွန်ကလပ်မှပြောင်းရွှေ့ကြေးမကြေညာဘဲ အပြီးသတ်စာချုပ်လိုက်ပြီဖြစ်သည်။

ဂျပန်ကွင်းလယ်ကစားသမားကာဂါဝါအား ဇွန် ၂၂ ရက်က အိုးထရက်ဖို့ဒ်၌ ဆေးစစ်ဆေးမှုခံယူခဲ့ပြီးနောက် မန်ယူက လေးနှစ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

“အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ကာဂါဝါဟာ အင်္ဂလန်မြေမှာ ကြီးမားသောအောင်မြင်မှုတွေနဲ့ သက်သေပြနိုင်ပါလိမ့်မယ်”ဟု မန်ယူနည်းပြကြီး ဖာဂူဆန်ကပြောကြားသည်။ ရှင်ဂျီကာဂါဝါသည် ငယ်ရွယ်ပြီးဘောလုံးကျွမ်းကျင်မှုအပြည့်အဝရှိသည်။ ဂိုးပေါက်ဖန်တီးပေးတတ်မှုမှာလည်း အမြင်ရှိပြီး အလွန်တော်သည့် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြဖာဂူဆန်ကသုံးသပ်ထားသည်။

**ခေါ်ယူခဲ့**

ကာဂါဝါသည် မန်ယူ၏ကစားကွက်နှင့် အံဝင်ခွင်ကျရှိခြင်းကြောင့် မန်ယူအတွက် အောင်မြင်မှုများရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း နည်းပြဖာဂူဆန်က ဆက်လက်ပြောကြားသည်။ ကာဂါဝါသည် ယခုနှစ်နွေရာသီတွင် မန်ယူကဒုတိယမြောက်ခေါ်ယူခဲ့သည့် ကစားသမားဖြစ်သည်။ ၄င်းမတိုင်မီ မန်ယူသည် ခရူဝီတောင်းအသင်းမှ နစ်ပိုဝဲလ်အား ခေါ်ယူခဲ့ပြီးဖြစ်သည်။

ကွင်းလယ်ကစားသမား ကာဂါဝါသည် ဒေ့ါမွန်အသင်းကို ဂျာမန်ဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သည်။ ပြီးခဲ့သည့်နှစ်က ဒေ့ါမွန်အတွက် ဂိုးပေါင်း ၁၇ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

## ရွှေရတုမွေးနေ့ ဆုတောင်းလွှာ

၂၄-၆-၂၀၁၂ ရက်တွင် ကျရောက်သော ဒေါ်အေးနွဲ့ကြည်၏ နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး ချစ်သောခင်ပွန်း၊ သားနှင့်အတူ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကို ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ဗိုလ်မှူးသက်နောင်-မညိမ်းအိအိလင်း**

**သား-လင်းမြတ်နောင်(ဖိုဖို)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ပိတောက်မြိုင်ရပ်ကွက်၊ အောင်သစ္စာလမ်းသွယ်(၂)၊ အိမ်အမှတ် ၂၁စဟုခေါ်တွင်သည့် မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အသီးသီးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဒေါ်စိန်နက်(ခ)ဒေါ်စိန် ၁၂/အစန(နိုင်)၀၅၉၉၁၅၊ (၂)ဒေါ်မြရွှေ ISN-၂၂၁၀၀၉၊ (၃) ဒေါ်မြငွေ ၉/ပမန(နိုင်)၁၀၈၄၇၄၊ (၄) ဦးလှရွှေ ISN-၅၄၂၁၂၅၊ (၅) ဦးလှငွေ ISN-၅၄၂၅၃၈၊ (၆) ဒေါ်လှသန်း ၁၂/အစန(နိုင်)၀၆၀၆၂၁၊ (၇) ကိုလှဝင်း ၁၂/အစန(နိုင်)၀၆၀၆၂၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဝင် ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စိန်ဝင်း**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၂၂)**

**B.Sc, H.G.P, R.L, D.B.L, D.I.L**

**အိမ်အမှတ်၄၀ (ငါးလွှာ)၊ သာခုရပ်ကွက်၊**

**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ပုသိမ်မြို့၊ အထက(၂)မှ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင်ရှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၂ဦး အပါအဝင် စုစုပေါင်း ဂုဏ်ထူးရှင် ၉၄ ဦးနှင့် အောင်ချက် ၆၉.၇၂ရာခိုင်နှုန်းဖြင့် ဧရာဝတီတိုင်း ဒေသကြီးတွင် အောင်ချက်ပထမရရှိအောင် စီမံသင်ကြား ပြသပေးခဲ့ကြသော ကျောင်းအုပ်ဆရာကြီး ဦးလှသန်းနှင့် ဆရာ ဆရာမများ၊ ထူးချွန်စွာ ဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအားလုံးကို မိဘများကိုယ်စား အထူးကျေးဇူး ဥပကာရတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**မိဘဆရာအသင်းနှင့်**

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

**အထက(၂)၊ ပုသိမ်မြို့**

**ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၁၀ ရပ်ကွက်၊ ၄၅ လမ်း၊ အမှတ် ၁၅၆၊ ပထမထပ်(နှစ်ခန်းတွဲ)တိုက်ခန်းနှင့်ပတ်သက်၍**

**ကန့်ကွက်နိုင်ကြောင်း ကြေညာချက်**

အထက်အမည်ပါ တိုက်ခန်းနှင့်ပတ်သက်၍ လက်ရှိပိုင်ဆိုင်သူ ဦးမောင်ဖြူ ၁၂/ဗတထ(နိုင်)၀၃၀၈၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ ငါးရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ(၃၅၄၅)**

**အမှတ် ၉၉၊ ဒုထပ်(ယာ)၊ ၃၉ လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၂၇၇၄**

**အမည်ပြောင်း**

ဦးဝင်းခိုင် ၆/ထဝန(နိုင်)၀၃၉၇၆၉ ၏သား မင်္ဂလာဒုံ အလက(၄)Grade-6 (B) မှ မောင်ထက်ဝေယံခိုင်အား မောင်ထူးထက်ရှိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထူးထက်ရှိန်း**






## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှမောင်ကျော်လင်းနိုင်(ခ)မောင်မြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးစူစီ(ခ)ဦးမြင့်ကျော် ၁/ရကန(ပြ)၀၀၀၀၅၆ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၅၁၉၊ မြေကွက်တည်နေရာ အမှတ် ၅၁၉/ခ၊ အင်းဝ ၆လမ်း၊ ၆ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်လှမြင့်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်လှမြင့်နှင့် ခင်ပွန်းဦးသိန်းအောင်တို့ကွယ်လွန်သဖြင့် ဒေါ်လှသိန်း ၁၂/ဥကတ(နိုင်)၀၅၂၆၉၆က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**

**ကော်မတီ**







## ရောင်းမည်/ငှားမည်

တောင်ဒဂုံ၊(၇၂)ရပ်ကွက်၊လမ်းမကြီး ကျောကပ် ပေ ၂၀×ပေ ၆၀၊ သစ်သားအိမ်ပြုပြင်မွမ်းမံပြီး၊ ဈေး၊ ကျောင်းကားဂိတ်နီး ကျပ် ၁၀၈ သိန်း။ တောင်/မြောက်လမ်းဆုံ၊ အောင်ဇေယျအိမ်ရာ တိုက်ခန်းများ ရောင်း/ဝယ်၊ ငှားရမ်းနိုင်ပါသည်။

**ဖုန်း-၀၉-၇၃၁၀၆၅၇၄**

## ကားကောင်း ကားသန့်

လချုပ်ဖြင့် ငှားရမ်းလိုပါသည်။

ယာဉ်ပိုင်ရှင်ကိုယ်တိုင်

ဆက်သွယ်ပေးပါ။

**ဖုန်း-၀၉-၇၃၁၀၆၅၇၄**

airBagan
Treasure of Myanmar

Congratulations

အင်္ဂလန်နိုင်ငံရှိ **United Kingdom Accreditation Services (UKAS)** မှ ချီးမြှင့်သော နိုင်ငံတကာ အသိအမှတ်ပြု လုပ်ငန်းအရည်အသွေး စီမံခန့်ခွဲမှုစနစ် **ISO 9001:2008 (Quality Management System)** လက်မှတ်အား မြန်မာနိုင်ငံတွင် ပထမဆုံး **ISO 9001 Certified Airline** အဖြစ် အောင်မြင်စွာရရှိခဲ့သဖြင့် အဲယားပုဂံလေကြောင်းလိုင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

Yangon Airport Group (YAG)

Mingalardon Cargo Services

airBagan
Treasure of Myanmar

Congratulations

အင်္ဂလန်နိုင်ငံရှိ **United Kingdom Accreditation Services (UKAS)** မှ ချီးမြှင့်သော နိုင်ငံတကာ အသိအမှတ်ပြု လုပ်ငန်းအရည်အသွေး စီမံခန့်ခွဲမှုစနစ် **ISO 9001:2008 (Quality Management System)** လက်မှတ်အား မြန်မာနိုင်ငံတွင် ပထမဆုံး **ISO 9001 Certified Airline** အဖြစ် အောင်မြင်စွာရရှိခဲ့သဖြင့် အဲယားပုဂံလေကြောင်းလိုင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

Elite Tech Group of Companies

Elite Tech IT Services co., Ltd.

Elite Tech Manufacturing co., Ltd.

Elite Tech Trading co., Ltd.

Elite Electric co., Ltd.

Elite Express co., Ltd.







## အထက(၁) လသာ (စင်ထရယ်)

၁၉၈၆ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အငြိမ်းစားယူ ဆရာကြီး ဆရာမကြီးများနှင့် လသာ(၁) လုပ်သက်(၂၀)အထက် လက်ရှိဆရာ ဆရာမများအား ပဉ္စမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၉ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပပြုလုပ်သွားပါမည်။ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကျောင်းသားဟောင်းများအားလုံး စုံညီစွာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁ နာရီတိတိ
နေရာ - အထက(၁)လသာ(စင်ထရယ်)
(၁၉၈၆ ခုနှစ်နောက်ပိုင်း ကျောင်းသားဟောင်းများအသင်းရုံးခန်း)

ပူဇော်ပွဲဖြစ်မြောက်ရေးယာယီအမှုဆောင်အဖွဲ့







## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း အသင်းဝင်သင်္ဘောသားများသိသာရန်
## The Day of the Seafarer -2012
## အထိမ်းအမှတ် ပျော်ပွဲ/ရွှင်ပွဲ အခမ်းအနား

**နေ့ရက်** - ၂၅-၆-၂၀၁၂ရက် (တနင်္လာနေ့)တွင်
**နေရာ** - **Myanmar Convention Center (MCC) ခန်းမ**
(မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်)
**အချိန်** - နံနက် ၁၀ နာရီမှ ညနေ ၁၆:၀၀ နာရီ

**ဖျော်ဖြေရေးအစီအစဉ်**

DJ & DJ Mixer * Magic Show * Dream Boat Games & ဆုငွေကျပ် ၁၀သိန်း ပဟေဠိနန်းတော် အထူးအစီအစဉ်၊ ခေမီကိုနှင့်အဖွဲ့ Dancer Show*Karaoke ပြိုင်ပွဲ * Lucky Draw အစီအစဉ်များ

- **ဖိတ်စာများအား အသင်းရုံးတွင် (အခမဲ့) ထုတ်ယူနိုင်ပါသည်။**
- **အပြန်ခရီးအတွက် MOSA မှ မော်တော်ယာဉ်များ စီစဉ်ပေးထားပါသည်။**




## Myanmar Noble College
## ကျောင်းသားသစ်များ လျှောက်လွှာခေါ်ယူခြင်း

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများသည် အောက်ပါဘာသာရပ် (Edexcel အသိအမှတ်ပြု HND) တစ်ခုကို ရွေးချယ်သင်ယူနိုင်သော Foundation သင်တန်းများကို ၂၀၁၂ခုနှစ် ဇွန်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

HND (Higher National Diploma)

- Civil Engineering (Construction & Built Environment)
- Electrical Power/ Electronic Engineering
- Mechanical Engineering
- Business
- Computing

နယ်ကျောင်းသား ကျောင်းသူများအတွက် လုံခြုံစိတ်ချရသော အဆင့်မြင့်ဘော်ဒါများ စီစဉ်ထားရှိပါသည်။

Myanmar Noble College
No.108, Hnin Si Street (Upper),
Ahlone Township, Yangon.
Ph-01-220476, 09-73163975
www.myanmarnoblecollege.com




## ကားရောင်းမည်

Celsior, UCF 31, Silver, 4.5B, ကျပ် ၂၂၅ သိန်း
Insight, 17000km ,5A, ကျပ် သိန်း ၂၁၀
ဖုန်း-၀၉-၅၁၂၄၇၆၅

## ကားရောင်းမည်

Alphard V,
MS Grade,
White Color
ဖုန်း-၀၉-၇၃၂၀၀၂၀၆

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ယာဉ်အမှတ် ၃က/ ၆၄၉၂ (၁)အခွန်စိမ်း၊ (၂)ယာဉ်ပိုင်ရှင်စာအုပ်၊ (၃)ဝိုးတက်၊ (၄)ပရီမီယာစာအုပ်၊ (၅)လုပ်ငန်းစာအုပ်ပါရှိသော ဖိုင်တွဲများ မြောက်ဥက္ကလာပမြို့နယ်၊ ကန်သာယာမှတ်တိုင်နားတွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။ **ဦးလှရွှေ**
ဖုန်း-၀၉-၄၉၃၂၂၈၉၁၊ ၀၁-၈၀၁၀၉၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၁၊ မာလာမြိုင်ရိပ်သာ (၈) ရပ်ကွက်၊မြေကွက်အမှတ်၆ဘီ/၃က၊ မြေကွက်တည်နေရာ အမှတ် ၅၃၁၊ ပြည်လမ်း၊မာလာမြိုင်ရိပ်သာ(၈)ရပ်ကွက်၊ ဒေါ်ခင်ခင်အုန်း အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဇနီး ဒေါ်ခင်ခင်အုန်းကွယ်လွန်သဖြင့် ဦးသက်ထွန်း ၁၂/ကမရ(နိုင်) ၀၃၆၈၈၄က တရားဝင် ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဒေါ်သန္တာအေးအောင်၁၂/ကမရ(နိုင်)၀၅၁၆၉၁နှင့် ဦးကျော်ဇင်သိန်း ၁၂/မရက(နိုင်)၀၀၁၉၂၁တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းမတိုက်ဆိုင်သဖြင့် ၃၁-၃-၂၀၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားရုံး ဒုတိယဦးစီးမှူး ဦးမြင့်သန်းထွန်း၏ရှေ့မှောက်၌ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၈၅)**

**ဥတုရာသီ တောကိုမှီ၏**



[illegible] Account No. 83-00441

[illegible]

## အများသိစေရန် ကြေညာချက်

[illegible]

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

တိုက်အမှတ် ၆/၁၊ အခန်း ၁၂၊ Yankin Housing Project(2010-2011) ရန်ကင်းအိမ်ရာ၊ ရန်ကင်းမြို့နယ်ကို မူလအမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးကြီးရဲဖုန်းမြင့်ထံမှ ဒေါ်အမာကြည် ၁၂/ဥကမ(နိုင်)၀၀၂၆၀၇က တရားဝင်စာချုပ်စာတမ်းများဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ဝိုင်ႇ၊ မြေကွက်အမှတ် V၃၈၁၊ မြေကွက်တည်နေရာအမှတ် ၁၀၅၊ ဘုန်းကြီးလမ်း၊ ဦးဘကံ၊ ဒေါ်မမမေ၊ သာသနာရန်ပုံငွေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အမည်ပေါက် နှစ်၃၀ဂရန် (သက်ကုန်)မြေအား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ၂၁-၉-၂၀၁၁ အစည်းအဝေးဆုံးဖြတ်ချက်အရ ဂေါပကအဖွဲ့ဝင် ဦးကျင်အောင်၉/မရတ(နိုင်)၀၁၇၃၃၁က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးခရိုင်နယ်တရားမရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၃ နှင့်ဆက်သွယ်သည့်
၂၀၁၂ ခုနှစ် တရားမဓာရီမှုအမှတ်-၈၂

မန်နေဂျာ **နှင့်** ၁။ ဦးသိန်းအောင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ယဉ်ကြည်
ပဲခူးမြို့။

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဦးသိန်းအောင်-ဒေါ်ယဉ်ကြည် အမှတ် ၅၉၃၊ ဆည်မြောင်းအနောက်လမ်း၊ (၅/၁၇)ရပ်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၃ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၂ ခုနှစ် ဇူလိုင် ၆ရက် (၁၃၇၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇွန် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်စန်းဝင်း**
**ဒုတိယခရိုင်တရားသူကြီး(၂)၊ ပဲခူးခရိုင်တရားရုံး**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်း ကြေညာခြင်း

ဦးဇော်ဆန်းအောင် ၁၂/ပဘတ(နိုင်)၀၂၁၄၂၁နှင့် ဒေါ်နီလာကျော်သိန်း ၁၂/မရက(နိုင်)၀၆၈၉၂၂တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တရားရုံးချုပ်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲထားပြီး ဖြစ်ပါသည်။ ဦးဇော်ဆန်းအောင်မှ တောင်းဆိုသောငွေကြေးဥစ္စာတို့ကိုလည်း ပေးအပ်ခဲ့ပြီး သားဖြစ်သူ ရဲမြတ်ထက်အောင်ကို ဒေါ်နီလာကျော်သိန်းက ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပါသည်။

ဒေါ်နီလာကျော်သိန်း၏ လူမှုရေး၊ စီးပွားရေးအပါအဝင်ကိစ္စအဝဝတို့သည် ဦးဇော်ဆန်းအောင်နှင့်မည်သို့မျှ သက်ဆိုင်ပတ်သက်ခြင်းလုံးဝမရှိတော့ကြောင်းနှင့် ဒေါ်နီလာကျော်သိန်း၏ လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စများ၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် ဦးဇော်ဆန်းအောင်အနေဖြင့် တစ်စုံတစ်ရာဝင်ရောက်နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ စွက်ဖက်ခြင်း၊ ပတ်သက်ခြင်း၊ ဒေါ်နီလာကျော်သိန်း၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ ထိခိုက်နစ်နာစေနိုင်သော အပြောအဆို၊ အပြုအမူများပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်ဆန်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာကျော်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသော်တာစိုး LL.B, D.B.L, D.M.L, D.A (Psy)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၄၁၁၆)**
**အမှတ် ၂၀၃၊ သုံးလွှာ၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း-၂)၊ ရာဇဌာနီလမ်း၊ မြေကွက်အမှတ် ၃၀၆၄၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးနေလင်းစိုး အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးနေလင်းစိုးက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါကယနေ့မှစ၍ ရက်၃၀အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးတင်ဝင်း**
**၉/ပမန(နိုင်)၀၂၂၃၉၀၊**
**အမှတ် ၁၅/၁၀၅၇၊ ယုဇနလမ်း၊**
**ပေါင်းလောင်း(၂)၊**
**ရွာကောက်ရပ်ကွက်၊**
**ပျဉ်းမနားမြို့**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ကျော်မင်းထက်သည် မိဘကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးတင်ဝင်း-ဒေါ်အေးအေးလွင်**

[illegible]

## ခန်းအဖြစ်မှ စွန့်လွှတ်ခြင်း

[illegible]

[illegible]

## နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း

**ကျွန်တော်မောင်သက်မျိုး** ၁၄/ရကန(နိုင်)၁၁၂၃၅၈
**နှင့်**
**ကျွန်မမသွန်းဝသသန်ထူး** ၅/ဥတတ(နိုင်)၁၇၄၀၂၀
တို့သည် ၁၈-၆-၂၀၁၂ရက်တွင် ရေကြည်မြို့နယ်တရားရုံး၌ တွဲဖက်မြို့နယ်တရားသူကြီးဒေါ်တင့်တင့်ဌေး၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပြီးပါကြောင်း။

**မောင်သက်မျိုး-မသွန်းဝသသန်ထူး**

## ဓမ္မာစရိယစာဝါများပို့ချမည်

ရှစ်မိုင်ပေါက်စေတီကျောင်းတိုက်၌ ဆရာတော် အရှင်ဉာဏိကမှ (ပထမဝါဆိုလပြည့်ကျော် ၉ ရက်) ၁၂-၇-၂၀၁၂ရက် မွန်းလွဲ ၁ နာရီမှစ၍ ဓမ္မာစရိယစာဝါများ ပို့ချမည်ဖြစ်ပါကြောင်း တပည့်များအားလုံးကို အသိပေးအပ်ပါသည်။

**ဆရာတော်အရှင်ဉာဏိက ဖုန်း-၇၃၀၁၃၉၁၁**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပုသိမ်မြို့၊ အနော်ရထာလမ်း(တက္ကသိုလ်လမ်း)၊ ဝ၁သမ၁၃၇၈က (5968 sqft) ၊ အုတ်တံတိုင်း ခတ်ပြီး၊ ဆိုင်ခန်း နှစ်ခန်း၊ RC နှစ်ထပ်တိုက်၊ တစ်ထပ်အိမ်/အဆောက်အဦ၊ မြေပိုပွဲစားမလို။ **(ညှိနှိုင်း)**

**ဖုန်း-၀၉-၅၀၂၃၀၅၃**

09-73009869
09-73013432
09-73028433
ENGLISH
CHINESE | KOREA | MALAY
EPS-KLT(TOPIK)

[illegible]

### ဦးဟန်လီဟုန် ၁၃/မဆတ(နိုင်)၀၄၂၈၆၆နှင့်
## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်အမှုသည် ဦးသန်းဦး ၁၂/ဒလန(နိုင်)၀၂၆၇၈၁က ဦးဟန်လီဟုန် ၁၃/မဆတ(နိုင်)၀၄၂၈၆၆သို့ လွှဲအပ်ထားသော မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၉၇၅/၂၀၁၁)အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဝင်း LL.B**
**အထက်တန်းရှေ့နေ (၂၁၅၂၈)**
**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့**

### ဦးဟန်လီဟုန် ၁၃/မဆတ(နိုင်)၀၄၂၈၆၆နှင့်
## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးအောင်မိုး ၁၂/ဒလန(နိုင်)၀၃၂၀၆၂ က ဦးဟန်လီဟုန် ၁၃/မဆတ(နိုင်)၀၄၂၈၆၆ သို့ လွှဲအပ်ထားသော မှတ်ပုံတင်အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၁၅၀၆၅/၂၀၁၁)အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဝင်း LL.B**
**အထက်တန်းရှေ့နေ (၂၁၅၂၈)**
**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့**

### အကြောင်းပြရန်ပေးသည့်
## အကြောင်းကြားစာ
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
### ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၃

ဒေါ်ခင်ဆုဝေ **နှင့်** ဒေါ်ရီ(ခ)ဒေါ်နီ (၎င်း၏တရားဝင်ကိုယ်စားလှယ် ဒေါ်တင်တင်နွဲ့)

**တရားလို** **တရားပြိုင်**

အမှတ် ၆၀၃/အေ၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)ရပ်နေ တရားပြိုင် ဒေါ်ရီ(ခ)ဒေါ်နီ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တင်တင်နွဲ့)သိစေရမည်။

အထက်အမည်ပါ တရားလိုဒေါ်ခင်ဆုဝေက ဤရုံးသို့ မကြီး ၂၆၁၂/၀၅အမှုတွင် ချမှတ်ထားသော ပြေငြိမ်းဒီကရီပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုပါ၍ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၂ ခုနှစ် ဇူလိုင် ၅ ရက် မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ် ပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၂ ခုနှစ် ဇွန် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဘိုလေး**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

### ဦးထွန်းလင်းဦး ၁၂/လမန(နိုင်)၁၃၈၄၃၀နှင့်
## အများသိစေရန်

လှည်းကူးမြို့နယ်၊ ကွင်းအမှတ် ၉၈၈-က^၂၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ် ၈၉/၁၄၈၊ ရိပ်သာရပ်ကွက်၊ ဧရိယာ ၀ ဒသမ ၂၀ ဧက၊ ရန်ကင်းဘုရားလမ်း၊ အမှတ်-၃၊ ပေ(၆၅×၁၂၀)ရှိ သွပ်မိုးပျဉ်ကာ အိမ်လုံးချင်း အပါအဝင် အမည်ပေါက် ဦးထွန်းလင်းဦး ၁၂/လမန(နိုင်)၁၃၈၄၃၀ထံမှ ဒေါ်စန်းစန်းနွယ် ၁၂/လမန(နိုင်) ၀၂၀၅၉၇က ၁၄-၈-၂၀၁၀ရက်တွင် တန်ဖိုးငွေအကျေပေးချေ၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ၎င်းခြံနှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအားလုံး ဒေါ်စန်းစန်းနွယ်၏ လက်ဝယ်တွင်ရှိပါသဖြင့် ၎င်းခြံနှင့်အိမ်အား တစ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ၊ ငှားရမ်းခြင်း၊ အမည်လွှဲပြောင်းခြင်းမပြုလုပ်ရန်အတွက် တားမြစ်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းနွယ် ၁၂/လမန(နိုင်)၀၂၀၅၉၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်နိုင်လမ်း၊အိမ်အမှတ်၂ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ (၂၆×၅၀)ရှိ အိမ်နှင့်မြေကို ဒေါ်ထူးခင် ၁၂/သဃက(နိုင်)၁၀၅၅၇၆ က ဝယ်ယူပိုင်ဆိုင်သူဖြစ်ပါသည်။

အဆိုပါ ဒေါ်ထူးခင်၏မြေပေါ်တွင် ကန်ထရိုက်စနစ်ဖြင့် (၁၀)ခန်းပါ နှစ်ခန်းတွဲ ငါးထပ်တိုက်ဆောက်လုပ်ရန် ၅-၁-၂၀၁၂ ရက်တွင် ကန်ထရိုက်တာဒေါ်မငယ် ၁၂/မဂဒ(နိုင်)၀၈၆၇၆၅ နှင့် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ကန်ထရိုက်တာက ခံစားခွင့်ရှိသော အခန်းမှာ စုစုပေါင်း ခြောက်ခန်းဖြစ်ပါသည်။ ကန်ထရိုက်တာကဆောက်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေပြီးဖြစ်ပါသည်။

ကန်ထရိုက်တာဒေါ်မငယ်က အထက်ပါခံစားပိုင်ခွင့်ရှိသော အခန်းများကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်းမရှိပါ၍ အရှုပ်အရှင်းကင်းရှင်းပါကြောင်း ကြေညာအပ်ပါသည်။ အဆိုပါအခန်းကိစ္စအတွက် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မငယ် ၁၂/မဂဒ(နိုင်)၀၈၆၇၆၅**
**အမှတ် ၁၂၀၃၊ ကင်းဝန်မင်းကြီးလမ်း၊**
**(၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

တိုက်အမှတ် (၄/၄)၊ အခန်း ၂၃၊ Yankin Housing Project (2010-2011) ရန်ကင်းအိမ်ရာ၊ ရန်ကင်းမြို့နယ်ကို မူလအမည်ပေါက်ပိုင်ရှင် ဒုတိယဗိုလ်မှူးကြီးတင်စိန်(ငြိမ်း) ၁၂/လကန(နိုင်)၀၁၃၈၆၉၀ထံမှ ဦးတင်ထွန်းအောင် ၁၂/အလန(နိုင်)၀၃၃၁၅၅ က တရားဝင်စာချုပ်စာတမ်းများဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မောင်အေး ၁၀/ မလမ(နိုင်)၁၆၈၈၂၉၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၅၇-၃၀၁၇၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အုပ်စုနေကျွန်တော်၊ကျွန်မတို့၏သမီး မကြည်အေး ၁၂/သလန(နိုင်) ၁၀၆၆၆၁သည် မိဘများဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ၂၁-၆-၂၀၁၂ရက်မှ စ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

**ဦးကျော်တင်-ဒေါ်မြင့်**

# ထူးချွန်ထက်မြက်သော ပညာတတ်များပေါ်ထွန်းလာရေး ဘက်စုံအားပေးလျက်ရှိ မိမိတို့ကိုယ်တိုင် အောင်မြင်လိုစိတ်ပြင်းပြစွာဖြင့် ကြံစည်ကြိုးစားအားထုတ်

နေပြည်တော် ဇွန် ၂၃

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁၈)နှင့် (၁၉)တို့မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသူများ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုသည့်အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယနေ့ နိုင်ငံတကာနယ်ပယ်၌ ပညာရေး၏အခန်းကဏ္ဍသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ပညာခေတ်၊ နည်းပညာခေတ် Technology Age ဟု တင်စားရလောက်အောင် လူသားတို့၏ ပညာရည်ထက်မြက်မှုမှာ အလွန်အရေးပါလျက်ရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း ထူးချွန်ထက်မြက်သော ပညာတတ်များပေါ်ထွန်းလာစေရေး ဘက်စုံထောင့်စုံအားပေးလျက်ရှိကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့် ဥစ္စာရင်လို၊ ဥစ္စာရင်ခဲ မိမိတို့ကိုယ်တိုင် ထူးချွန်ထက်မြက် အောင်မြင်လိုစိတ် ပြင်းပြစွာဖြင့် အပတ်တကုတ် ကြံစည်ကြိုးစားအားထုတ်ကြရန် လိုအပ်ကြောင်း။

ယနေ့လူငယ်များသည် နောင်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည့်သူများဖြစ်ရာ မိမိတို့ကိုယ်တိုင် အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံခေါင်းဆောင်များဖြစ်အောင် တိကျခိုင်မာသော ရည်မှန်းချက်၊ ရည်ရွယ်ချက်များ ထားရှိဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍတွင် အဘက်ဘက်မှ အားပေးချီးမြှင့်လျက်ရှိကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများက တစ်နှစ်ထက်တစ်နှစ် အောင်ချက်ရာနှုန်း ပိုမိုကောင်းမွန်ရေး၊ အရည်အသွေးပြည့်ဝသော ထူးချွန်ထက်မြက်သည့် လူရည်ချွန် လူရည်မွန်များ ပေါ်ထွက်လာစေရေး ကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ■



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ပရက်စလေရဲ့မြေး ရုပ်ရှင်မင်းသမီး ရိုင်လေကို့ Yellow ဇာတ်ကားသစ်ရိုက်ကူး

လော့စ်အိန်ဂျလိစ် ဇွန် ၂၃

အဆိုတော် ပရက်စလေရဲ့မြေးဖြစ်တဲ့ ရုပ်ရှင်မင်းသမီး ရိုင်လေကို့ဟာ သူမရဲ့ဇာတ်ကားသစ်ဖြစ်တဲ့ Yellow ရုပ်ရှင်ကားကို ရိုက်ကူးနေပြီ ဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ ဒရာမာဇာတ်ကားဖြစ်ပြီး ရိုင်လေကို့က အမင်ဒါအမည်ရှိတဲ့ မိန်းကလေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။



အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ရိုင်လေကို့**(ဝဲပုံ)**ဟာ သူမရဲ့ အနုပညာ အရည်အသွေးကို ဒီဇာတ်ကားမှာ ထူးထူးခြားခြား ပါဝင်ပြသခွင့်ရမယ်လို့ အဲဒီဇာတ်ကားရိုက်ကူးတဲ့ ဒါရိုက်တာ ဂျိမ်းဆက်မင်းက ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ရုပ်ရှင်မင်းသမီး ရိုင်လေကို့ဟာ Megic Mike အမည်ရှိတဲ့ ဇာတ်ကားမှာလည်း ပါဝင်သရုပ်ဆောင်လျက် ရှိပါတယ်။ ဒီဇာတ်ကားမှာတော့

*စာမျက်နှာ ၇ ကော်လံ ၁* ✻



# အာကာသယာဉ်ပုံစံသစ် ထုတ်လုပ်မည်

ဝါရှင်တန် ဇွန် ၂၃

အနာဂတ်ကာလတွင် အာကာသယာဉ်မှူးများအား သယ်ဆောင်ပျံသန်းသွားနိုင်မည့် အာကာသယာဉ်အသစ်တစ်မျိုးကို တည်ဆောက်ရန် ပုဂ္ဂလိကအာကာသယာဉ် တည်ဆောက်ရေးလုပ်ငန်းတစ်ခုက စီစဉ်နေကြောင်း ဇွန် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါအာကာသယာဉ် အမျိုးအစားသစ်ကို အမေရိကန်နိုင်ငံ ဆီရာနာနီဗားဒါးကုမ္ပဏီမှ ထုတ်လုပ်မည်ဖြစ်ရာ ထုတ်လုပ်မည့် အာကာသယာဉ်ဒီဇိုင်းအသစ်ကို ထုတ်ဖော်ပြသခဲ့သည်။ ၎င်းအာကာသယာဉ်သည် ငါးတစ်ကောင်နှင့်ပုံသဏ္ဍာန်တူကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။ **(ဝဲပုံ)**

ယင်းအာကာသယာဉ်သည် ကမ္ဘာ့လေထုအတွင်း ဖြတ်သန်းသည့်အချိန်နှင့် ကမ္ဘာပတ်လမ်းကြောင်းအတွင်း *စာမျက်နှာ ၇ ကော်လံ ၃* ●

# ဖိလစ်ပိုင်ကို ဂိုးပြတ်သွင်းပြီး အမှတ်ပြည့်ယူခဲ့သည့် မြန်မာအသင်း

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၃ အာရှ ယူ-၂၂ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(ခ)ပွဲစဉ်များရဲ့ ပထမနေ့ ပွဲစဉ်တွေကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့မှာ ကျင်းပခဲ့ပါတယ်။

**သတင်းမှတ်စု - ဖိုးသော်ဇင်**

**မြန်မာ - ငါးဂိုး**
**(ကျော်ဇေယျာဝင်းနှင့် ကျော်ကိုကို-နှစ်ဂိုးစီ၊ ရန်အောင်ဝင်း-တစ်ဂိုး)**
**ဖိလစ်ပိုင် - တစ်ဂိုး (ခရစ္စတီးနစ်)**

အိမ်ရှင်မြန်မာတို့အဖွင့်ပွဲစဉ်မှာ ဖိလစ်ပိုင်ကိုဂိုးပြတ်သွင်းပြီး သုံးမှတ်အပြည့်ရရှိသွားပါတယ်။ ပွဲအစ လေးမိနစ်မှာ ပယ်နယ်တီမှတစ်ဆင့် ဖိလစ်ပိုင်အသင်းရဲ့ ဦးဆောင်ဂိုးသွင်းတာကို ခံခဲ့ရပေမယ့် မြန်မာတို့ပွဲချိန်ပြည့် ဖိကစားပြီး ဂိုးပြတ်အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် တိုက်စစ်မှူး ကျော်ကိုကိုနဲ့ ကြည်လင်း၊ ကျော်ဇေယျာဝင်းတို့ရဲ့အားတွေကို ဖိလစ်ပိုင်နောက်တန်းက မထိန်းနိုင်ခဲ့လို့ ဂိုးပြတ်သွားရတာပါ။ ၂၈မိနစ်တွင် ကျော်ဇေယျာဝင်းက *စာမျက်နှာ ၇ ကော်လံ ၁* ❖

# ဗဟိုစံပြငါးဈေးကြီးမှ ငါးမြစ်ချင်း၊ ငါးကြင်းဈေးကွက်

**သတင်းနှင့်ဓာတ်ပုံ**
**အဝယ်တော်ဖိုးထော်**

*ရန်ကုန် ဇွန် ၂၃*

*ယမန်နှစ်က အရှုံးကြီးရှုံးခဲ့သဖြင့် ယခုနှစ်တွင် ကန်ငါးမွေးသူလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ လျှော့လာကြသည့်အတွက် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးအတွင်း ငါးမြစ်ချင်း၊ ငါးကြင်းများ ဝင်ရောက်မှု အလွန်နည်းသွားပြီဖြစ်ကြောင်း ဗဟိုစံပြငါးဈေးကြီးတွင် ငါးမြစ်ချင်း အဓိကရောင်းချနေသူ ဦးအောင်သန်းက ပြောပြသည်။*

*ယခုအချိန်၌ ငါးမြစ်ချင်းဈေး အထိုက်အလျောက် တက်လာသော်လည်း ဝယ်လိုအားသာရှိပြီး ရောင်းကုန်နည်းလျက်ရှိနေသည်။ ပြီးခဲ့သောနှစ်က မွေးမြူရေးသမားများအကြား အရှုံးပေါ်ခဲ့သည်။ ကန်အတွင်း လက်ကျန်ငါးများကိုပင် အစာအပြည့်အဝမကျွေးတော့သည့်အတွက် ငါးကြီးထွားနှုန်းများ လျော့ကျလာခဲ့ပြီး တကယ်တမ်းရောင်းတန်းမဝင်၊ နိုင်ငံခြားဈေးကွက်ပျောက်ခဲ့ကြသည်။*

*သို့သော်. . . ယခုရက်ပိုင်းအတွင်း ငါးမြစ်ချင်းဈေးနှုန်း အနည်းငယ်တက်လာသည်။ တက်လာရသည့်အကြောင်းအရင်းတစ်ရပ်မှာ မိုးရာသီ၌ ငါးကန်မှငါးများ ဖမ်းဆီးရောင်းချတင်သွင်းသူများ နည်းလာပြီး ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ ငါးမြစ်ချင်း၊ ငါးကြင်းများ အဝင်နည်းခဲ့ရခြင်းကြောင့်ဟု ဗိုင်ကြီးတစ်ဗိုင်မှ ဝယ်ရောင်းတစ်ဦးကဆိုသည်။ ငါးမြစ်ချင်းအကောင်သေး ၂၀ ကျပ်သားမှ ၃၀ ကျပ်သားအရွယ် တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ မှ ၁၅၀၀ အကြား၊ ၅၀ ကျပ်သားအထက် တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ မှ ၁၇၀၀ ဈေးရှိနေပြီး ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၄၀၀၀ အကြား ဈေးရှိနေကြောင်း ဗဟိုစံပြငါးဈေးကြီးမှကြားသိရသော ဈေးကွက်သတင်းကို ဖော်ပြလိုက်ရပါသည်။*



ဗဟိုစံပြငါးဈေးကြီးအတွင်း ငါးမြစ်ချင်းနှင့် ငါးကြင်းများကို ခွဲခြားရွေးချယ်နေကြစဉ်။

# ငွေကျပ်သုံးသိန်းကျော်တန် စည်ပင်အမှိုက်ပုံးကြီး ပျောက်ဆုံး

**သတင်းနှင့်ဓာတ်ပုံ - ဇင်ကိုကိုထက်**

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက စွန့်ပစ်သိမ်းဆည်းရန် လွယ်ကူသော လီတာ ၆၆၀ ဆံ့ တစ်ပုံးလျှင် ငွေကျပ် ၃၅၀၀၀၀ (ကျပ်သုံးသိန်းငါးသောင်း)တန် အမှိုက်ပုံးကြီး ၅၀၀ ကို နိုင်ငံခြားမှမှာယူပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ကြီးလေးခရိုင်မှ မြို့နယ်များရှိ ရပ်ကွက်ဈေးများတွင် ဇွန်လဆန်းမှ စတင်ချထားပေးခဲ့သည်။

ထိုအမှိုက်ပုံးကြီးများထဲမှ အမှိုက်များအား သန့်ရှင်းရေးဝန်ထမ်းများက နေ့စဉ် သတ်မှတ်ချိန်၌ ပုံမှန်သိမ်းဆည်းပေးခဲ့ကြသည်။

ဤသို့ အဆင့်မြင့်အမှိုက်ပုံးကြီးများချထားရာတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် *စာမျက်နှာ ၃ ကော်လံ ၁* ▲